# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း(၁၂)ရက် ၊ တနင်္လာနေ့ ၊ (10-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် တပ်မတော်လေဆိပ်၌ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr.Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင်

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART MANDALAY Wholesale

STARMART MANDALAY Wholesale

၂၆လမ်းနှင့်၆၆လမ်းထောင့်၊ အောင်မြေသာစံ၊ မန္တလေးမြို့

ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄

ရတနာပုံ

၂၀၂၅ ခုနှစ် မတ် ၁၀ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံသားတာဝန်ကျေပွန်သော နိုင်ငံ့သားကောင်းများဖြစ်ရေး

မြန်မာနိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ရှောက်ရန်တာဝန်ရှိသည်။ ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းနိုင်ရန်လိုပေသည်။ ထို့ပြင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အမြဲတမ်းစစ်မှုထမ်းများသာမက အခြားသောနယ်ပယ်အသီးသီးရှိ နိုင်ငံသားအားလုံးတွင်လည်း တာဝန်ရှိပေသည်။ ယင်းတာဝန်ကို နိုင်ငံသားတိုင်း ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယခုမှ အသစ်ပြဋ္ဌာန်းလိုက်သည့်ဥပဒေမဟုတ်ပေ။ မြန်မာနိုင်ငံတွင် ၁၉၅၉ ခုနှစ်ကတည်းက ပြည်သူ့စစ်မှုထမ်းဥပဒေရှိသည်။ ယင်းဥပဒေကိုပြင်ဆင်ပြီး ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယင်းဥပဒေကို အသက်ဝင်စေခဲ့သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ကျင့်သုံးခဲ့သည့်စစ်မဟာဗျူဟာသည် ပြည်သူ့စစ်မဟာဖြစ်သည်။ မြန်မာနိုင်ငံနှင့် အသင့်လျော်ဆုံး ပြည်သူ့စစ်မဟာဗျူဟာကို ၁၉၆၄ ခုနှစ် တပ်မတော်တပ်မှူးများညီလာခံမှစတင်ပြီး အကောင်အထည်ဖော်ရန်ဆွေးနွေးခဲ့ကြသည်။ ၁၉၆၇ ခုနှစ်တွင် ပြည်သူ့စစ်မဟာဗျူဟာကိုရေးဆွဲပြီး တပ်မတော်သည် စစ်စည်းရုံးမှု၊ ပြည်သူ့ စစ်မဟာဗျူဟာဖော်ဆောင်နိုင်မှုစွမ်းရည်တို့ဖြင့် ပြည်ပကျူးကျော်မှုများကို ပြည်သူအားလုံးပါဝင်သည့် ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးဆောင်ရွက်ခဲ့သောကြောင့် တည်ငြိမ်အေးချမ်းမှုကို ပြန်လည်ရရှိခဲ့ပေသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်ကိုထိခိုက်ပျက်စီးစေလိုသည့် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်သူများ၊ နိုင်ငံရေးအစွန်းရောက်သူများ၏ပယောဂများကြောင့် လူငယ်လူရွယ်တချို့သည် သိနားလည်မှုမရှိဘဲ အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်နေကြသည်။ နိုင်ငံတော်၏အဖိုးတန်မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင်ပါဝင်မှုမရှိဘဲ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်နေသည့် လမ်းကြောင်းအမှားပေါ်သို့ ရောက်ရှိနေသည်မှာ နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာပင်ဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုဖြစ်စဉ်များကို ဖြစ်ပေါ်အောင် လှုံ့ဆော်နေသူများ၊ ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံ့အရေးကို ဆောင်ရွက်နေခြင်းမဟုတ်ဘဲ တိုင်းပြည်၏ အနာဂတ်ပျက်စီးအောင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် လမ်းကြောင်းမှန်ဖြစ်သော နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပေသည်။

နိုင်ငံသားတစ်ဦးသည် စစ်မှုထမ်းတစ်ဦးအဖြစ် ထမ်းဆောင်လိုက်ခြင်းအတွက် ဦးစွာခန္ဓာကိုယ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စည်းကမ်းလိုက်နာဆောင်ရွက်တတ်မှု၊ မတူကွဲပြားသောလူအများ အချင်းချင်း ချစ်ခင်စည်းလုံးစွာ ဆောင်ရွက်တတ်မှု၊ စိတ်ဓာတ်ခံယူချက်မြင့်မားလာမှု စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ ထို့ပြင် မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိနိုင်ငံကို တန်ဖိုးထားချစ်မြတ်နိုးသည့် စိတ်ဓာတ်များ ထွန်းကားလာမည်ဖြစ်ပေသည်။

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို မစောင့်ရှောက်လျှင် အဖျက်အမှောင့်အနှောင့်အယှက် စသည့် အဖျက်အင်အားများကြီးမားလာနိုင်ပေသည်။ နောက်ဆုံးတွင် တိုင်းပြည်ပင်ပျက်စီးခြင်းသို့ ရောက်ရှိနိုင်ပြီး ပြည်သူများဒုက္ခမျိုးစုံကြုံတွေ့နိုင်ပေရာ နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ပေးရမည့်တာဝန်ကို မွေးရာပါ တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကျေပွန်အောင် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**မန္တလေး မတ် ၉**

၂၀၂၅ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ မတ် ၈ ရက် နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ ဖိတ်ကြားထားသည့်အသင်း၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အမျိုးသမီးများ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှုများကို ပိုမိုအာရုံစိုက်မိလာစေရန်နှင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးအနက်ထား လာစေရန်ရည်ရွယ်ပြီး နှစ်စဉ် မတ် ၈ ရက်နေ့ရောက်တိုင်း အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာနှင့်အဝန်းကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာလုပ်ငန်းများ၏အရေးကြီးမှုကို ပြည်သူလူထုက သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ကာ ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့နှင့် မတ် ၈ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများပါ ပါဝင်ခွင့်ရရှိစေရန်၊ တန်းတူအခွင့်အရေးရှိစေရန်နှင့် ဘက်စုံ၊ ကဏ္ဍစုံတွင် စွမ်းရည် ပြည့်ဝစေရန်အတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် (UN Message Video Clip)၊ အမျိုးသမီးအဖွဲ့အစည်းများ၏လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်း(Video Clip)ပြသမှုနှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ ဧရိပ်မွန် အမျိုးသမီးကလေးများကျောင်းတို့မှ ကျောင်းသူများ၏ တေးသရုပ်ဖော်အကများဖြင့် ဂုဏ်ပြုတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့်အဖွဲ့တို့က ဂုဏ်ပြုတင်ဆက်သည့်အကအဖွဲ့များအား ဂုဏ်ပြုငွေများချီးမြှင့်ပြီး ရင်းနှီးစွာလိုက်လံနှုတ်ဆက်ကာ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကျောင်းများမှ ထွက်ကုန်ပစ္စည်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးရှဉ့်ပိသာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မော်လမြိုင်ကျွန်း မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးရှဉ့်ပိသာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးရှဉ့်ပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ငါးရှဉ့်ပိသာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့အား ကောင်းလာသည့်အတွက်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဖေဖော်ဝါရီလပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ အရင်လကထက် ငါးရှဉ့်ပိသာချိန် ၂၃၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအား တက်ခဲ့တာကလဲ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကပါ ငါးရှဉ့်ဝယ်လိုအားကောင်းလာတာကြောင့်ပါ။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိသာလျှင် ငွေကျပ် ၁၇၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ





**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မဟာအောင်မြေမြို့နယ်ရှိ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ရုံး မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်း၌ မတ် ၈ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(သုဓမ္မာ) မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်း နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်) အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တထုတိဝရအမှူးပြု၍ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ကြီးကြပ်ရေး ဆရာတော်ကြီးများ၊ အဖွဲ့ဝင်ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကာ နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ) မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း၊ နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသက အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပရေးကိစ္စနှင့်စပ်လျဉ်း၍ ဩဝါဒကထာချီးမြှင့်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာမေးပွဲကျင်းပရေးနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

၎င်းနောက် ဆရာတော်၊ သံဃာတော်များနှင့်ဌာနဆိုင်ရာများမှတာဝန်ရှိသူများက အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကျင်းပရေးကိစ္စနှင့် ပတ်သက်၍ အထွေထွေ ဆွေးနွေးကြကာ လျှာထားချက်များအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင် ဒက္ခိဏာရာမ ဘုရားကြီးတိုက် သာသနဇောတိကာရုံအုတ်ကျောင်း ဆရာတော် ဘဒ္ဒန္တဝါသဝသီရိက နိဂုံးချုပ် ဩဝါဒကထာချီးမြှင့်ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အစိုးရဓမ္မာစရိယ စာမေးပွဲကို မတ် ၂၅ ရက် မှ ဧပြီ ၂ ရက်ထိ ကျင်းပမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း စာဖြေဌာနသုံးခု ဖွင့်လှစ်ထား၍ စာဖြေသံဃာ ပါရာဇိကဏ် ဘာသာရပ်တွင် ၂၈၆၉ ပါး၊ သီလက္ခန်ဘာသာရပ်တွင် ၂၄၄၆ ပါး၊ ဓမ္မသင်္ဂဏီ ဘာသာရပ်တွင် ၂၁၉၂ ပါး၊ မြန်မာဂုဏ်ထူးတွင် ၃၀၃ ပါးနှင့် ပါဠိဂုဏ်ထူးတွင် အပါး ၁၁၀၊ ပါဠိပထမပြန်(ကြီး၊ လတ်၊ ငယ်၊ မူ) တန်းစာမေးပွဲကို မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်ထိကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်း သတ်မှတ်မြို့နယ်တို့တွင် စာဖြေဌာနများ ဖွင့်လှစ်ထား၍ စာဖြေသံဃာ ပထမကြီးတန်းတွင် ၁၆၈၂ ပါး၊ ပထမလတ်တန်းတွင် ၁၉၃၄ ပါး၊ ပထမငယ်တန်းတွင် ၃၀၁၄ ပါးနှင့် အခြေပြုမူလတန်းတွင် ၄၅၁၂ ပါး စုစုပေါင်း ၁၁၁၄၂ ပါး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သတင်းရရှိသည်။

မျိုးကျော်

# မြောင်မြို့နယ်တွင် စပါး ၂၅၀၄ ဧက စိုက်ပျိုးပြီးစီး လျာထားကေပြည့်မီအောင် ဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် စပါး ၂၅၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၂၆၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၂၆၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၅၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ စတဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ် "ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် စပါးစိုက်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် ဘားအံခရိုင်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၈ ရက်က ကော့ခမိတ်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းမာအေးက ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းများကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကော့ခမိတ်ကျေးရွာနှင့် တမံကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဆက်လှ

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ခနိချပ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မတ် ၉**


ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို ဖေဖော်ဝါရီလအတွင်း ခနိချပ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ခနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိပြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ခနိချပ်ရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ခနိချပ်ရေ ၆၅၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က တောင်သူတွေက စပါးအပြင် ခနိနဲ့အခြားသီးနှံတွေ စိုက်ပျိုးထုတ်ရောင်းချနေပါတယ်။ ခနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်း တစ်ခုထဲမှာ အပါအဝင်ဖြစ်ပါတယ်။ ဖေဖော်ဝါရီလထဲမှာ ရန်ကုန်ဈေးကွက်က ခနိဝယ်ယူမှုများပြားခဲ့ပါတယ်။ ဝယ်ယူမှုများလာတဲ့အတွက် ဒေသခံခနိစိုက်ပျိုးသူတွေနဲ့ ခနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ခနိစိုက်ပျိုးရေး လုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက ခနိများကိုအများဆုံး စိုက်ပျိုးထားကြောင်း၊ အဆိုပါ ခနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထိုသို့ခနိချပ်များ ဝယ်ယူမှုကောင်းလာခြင်းကြောင့် ခနိစိုက်ပျိုးသူများ၊ ခနိထိုးလုပ်သားများ၊ ခနိပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ ခနိရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# စာရေးသားခြင်းနည်းနာ

**ချစ်နိုင်(စိတ်ပညာ)**

**❖စာကောင်းပေကောင်းဖြစ်ဖို့ရာ အောက်ပါအခြေခံ သဘောတရား ၁၀ ချက်ကို လိုက်နာကြရပါမည်။ ၁။ သစ္စာ= မှန်ကန်ရမည်၊ ၂။ မေတ္တာ= စာဖတ်သူအတွက် မေတ္တာပါရမည်၊ ၃။ ဓမ္မ = တရားမျှတရမည်၊ ၄။ ရသ = အနုပညာပါရမည်၊ ၅။ သီလ= ရိုးသားဖြောင့်မတ်ရမည်၊ ၆။ ဝီရိယ= ကြိုးစားလုံ့လရှိရမည်၊ ၇။ စေတနာ= ကောင်းကျိုးလိုလားမှုရှိရမည်၊ ၈။ ဂုဏ်= စာပေဂုဏ်ရည်ရှိရမည်၊ ၉။ ယဉ်ကျေးမှု= ရေးဟန်က နိုင်ငံကြီးသားပီသရမည်၊ ၁၀။ အခြေအနေ= ကာလ၊ ဒေသ၊ ပုဂ္ဂလိကနှင့်ဆီလျော်ကိုက်ညီရပါမည်။ ❖**

**နိဒါန်း**

စာဖတ်သူအားလုံးလိုလို ကြားဖူးသောဆိုရိုးစကားတစ်ရပ် ရှိပါသည်။ ကျောင်းဆရာများတွင် မရှိမဖြစ်လိုအပ်သောအရာသည် နာသုံးနာရှိသည်ဟု ဆို၏။ ဘာတွေပါလဲဆိုသော် အများစုသိကြပြီးသားဖြစ်သော (၁) စေတနာ (၂) ဝါသနာနှင့် (၃) အနစ်နာတို့မဟုတ်ပါလား။ စာရေးဆရာဖြစ်ချင်သူတို့အတွက်မူ ထိုသုံးချက်လည်း ပြည့်စုံရန်လိုအပ်သည့်အပြင် နောက်ထပ်နာတစ်ခုလည်း လိုသေးသည်ဟု ဖတ်ရဖူးပါ၏။ ထိုရာကား "**နည်းနာ**"ဟု သိရပါသည်။

စာရေးသားခြင်းနည်းနာကို ဘာမှန်းမှမသိဘဲ ရေးချင်လို့ရေးပြီး ပေးပို့ချင်ရာပို့လာခဲ့ရင်း တက္ကသိုလ်ကျောင်းသားဘဝတွင် "ကျောင်းသားနှင့်စာမေးပွဲ"၊ "မှတ်သားမိအောင်စာကျက်နည်း" စသော စိတ်ပညာကျောင်းသင်ဘာသာရပ်များထဲမှ သင်ယူခြင်း၊ မှတ်ဉာဏ်စသော သင်ခန်းစာများအကြောင်း စာဖတ်ပရိသတ်သိအောင် ဗိုလ်တထောင်သတင်းစာနှင့် လုပ်သားပြည်သူ့နေ့စဉ်တို့တွင် ရေးခဲ့ဖူးပါ၏။ တစ်နှစ်လောက်ကြာမှ တစ်ပုဒ်တလေမျှသာ ရွေးချယ်ဖော်ပြခံရခြင်းဖြစ်သဖြင့် အားတက်စရာမဖြစ်လှပါ။ အထက်တန်းကျောင်းသားဘဝအရွယ်ကပင် "ငါကြီးလျှင် စာရေးဆရာလုပ်မည်၊ ဘယ်လောက်ပဲခက်ခဲခက်ခဲ၊ ဘယ်လိုပဲဆင်းရဲ ဆင်းရဲပါစေ၊ မဖြစ်မနေလုပ်မည်"ဟု ခိုင်ခိုင်မြဲမြဲ သန္နိဋ္ဌာန်ချလျက် ရည်ရွယ်ချက် တိတိကျကျ (ရေးလည်းရေးမှတ်ထား၏) ချမှတ်ခဲ့သဖြင့် ဖွဲမလျှော့ခဲ့ပါ။

**အဖော်ရှိရမည်**

တက္ကသိုလ်မောင်သန့်စင်ဟူသော ခေတ်စမ်းစာပေခေတ် ကဗျာဆရာတစ်ဦး(နောက်မှသိရသည်မှာ ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခဖြစ်လာခဲ့သူ ဆရာကြီးဦးဇေမောင် (၁၉၀၅-၁၉၈၅) ရေးဖွဲ့ဖူးသော ဖွဲ့အမည်ရှိ ကဗျာတိုတိုလေးသည် မိမိဘဝတစ်လျှောက်လုံး အားတင်းစရာအဖော်မွန်ဖြစ်ခဲ့ပါ၏။ ဆရာကြီးသည် ဝဏ္ဏကျော်ထင်ဘွဲ့(၁၉၅၀)၊ သီရိပျံ့ချီဘွဲ့(၁၉၆၂) ချီးမြှင့်ဂုဏ်ပြုခံရသော စာဆိုပညာရှိတစ်ဦးဖြစ်လေသည်)။

**ဖွဲ့**

**ဖွဲ့ကောင်းလျှင် အောင်နိုင်**<br>
**ဖွဲ့ခိုင်လျှင် အောင်မြဲ၊**<br>
**ဖွဲ့ပါလျှင် အာကာရပ်ကို**<br>
**ဖြတ်လိမ့်မလွဲ။ ။**

**တက္ကသိုလ်မောင်သန့်စင်**

(ခေတ်စမ်းကဗျာများ၊ ၁၉၃၄ ခုနှစ်)

အခြားသူများအတွက် မပြောပြတတ်ပါသော်လည်း မိမိအတွက် ၁၉၆၂ခုနှစ်က စာရေးဆရာဖြစ်ရမည်ဟု ပန်းတိုင်ရည်မှန်းချက်ချလျက် အဆက်မပြတ်ကြိုးပမ်းမှုသည် ၂၂ နှစ်ကြာသောအခါ ၁၉၈၄ ခုနှစ်ရောက်မှ ရှုမဝနှင့်သောင်းပြောင်းထွေလာမဂ္ဂဇင်းတို့တွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် စာဖတ်ပရိသတ်က အသိအမှတ်ပြုခြင်း ခံခဲ့ရပါသည်။ ၂၂ နှစ်တိုင်တိုင် အားမလျှော့ဘဲ ဘာကြောင့်ကြိုးစားနိုင်ရသနည်း။ ဆရာဇော်ဂျီ(၁၉၀၇-၁၉၉၀)၏ ဗေဒါလမ်းကဗျာထဲမှ ဤကဗျာလေးကကြိုးစားအောင် အနီးကပ်အားပေးခဲ့ပါ၏။

**ချောင်းရေကဖော်၊ တောင်လေကသွေး၊**<br>
**ရွက်လင်းယဉ် မြိုင်မြိုင်နဲ့**<br>
**ပန်းတိုင်ကို ပန်းခိုင်ဆိုက်အောင်၊**<br>
**အားစိုက်ပါလေး။**

**အလုပ်မှာမွေ့လျော်**

စာရေးသူဖြစ်လိုလျှင် စာဖတ်ခြင်းမှာမွေ့လျော်ရ၏။ စာဖတ်ခြင်း၌ ပျော်ပိုက်တတ်ရ၏။ စာဖတ်များကြသူတိုင်းလည်း စာရေးဆရာတော့ မဖြစ်ချေ။ ဖတ်ထားသောစာကို မှတ်သားဆင်ခြင်ပြီး ဝေဖန်သုံးသပ်ခြင်း၊ အတုယူမှတ်သားခြင်း၊ ဘယ်လိုပိုကောင်းအောင် အသစ်ဖန်တီးကြည့်ရလျှင် ဖြစ်နိုင်မည်နည်းစသဖြင့် ကိုယ်ပိုင်ဉာဏ်ကို ထုတ်ရပါသေး၏။ ဆရာကြီး မင်းသုဝဏ်ကတော့ ကဗျာရေးချင် စာစပ်သင်ဟူသော ဟောပြောချက်များ၌ "စုပါ၊ တုပါ၊ ပြုပါ"ဟူသော အလုပ်တာဝန်သုံးဆင့်ကို မီးမောင်းထိုး၍ လမ်းပြခဲ့ပါ၏။ မှန်ပါသည်။ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်အမျိုးမျိုးတွင် တောင်းလာသမျှ လက်မလည်အောင် (အရေအတွက် ထုတ်လုပ်အားများအောင်) ကြိုးစားရေးသားသကဲ့သို့ ရှေ့ကရေးခဲ့ပြီးသောစာထက် ပိုကောင်းအောင် အရည်အသွေး အဆင့်အတန်း အနုပညာပါအောင်) အားထုတ်ရလေသည်။ ဩော် ကလောင်တစ်ချောင်း နာမည်ရပြီးသည့်နောက်မှာလည်း ၁၉၈၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ၄၁ နှစ်ကာလပတ်လုံး မိမိသည် ဘဝတက္ကသိုလ်၏ စာသင်သားတစ်ဦးအဖြစ် စုလည်းစုဆဲ၊ တုလည်း တုဆဲ၊ ပြုလည်းပြုမြဲ။ စုတုပြုဟူသော ဆရာကြီး မင်းသုဝဏ်(၁၉၀၉-၂၀၀၄)၏ ဩဝါဒကို လက်စွဲပြုကာ လိုက်နာနေဆဲပါတကား။

စာပေစုဆောင်းခြင်းဟူသော စာမျိုးစုံကိုနေ့စဉ်မပြတ် ဖတ်ရှုလေ့လာ၊ ဆည်းပူးမှတ်သားသောအလုပ်၊ မိမိနှစ်သက်ရာကို အတုယူနည်းမှီးကာ ရေးမှတ်ကူးယူခြင်းအလုပ်၊ စိတ်ကူးကွန့်မြူးပါက မဆိုင်းမတွ ရေးချဖန်တီးခြင်းအလုပ်တို့ကို အေးအေးချမ်းချမ်း ကြည်ကြည်နူးနူး လုပ်လာခဲ့ခြင်းကြောင့် စာအုပ်ပေါင်း ၁၃၀ ကျော် ရေးသားပြုစုထုတ်ဝေနိုင်ခဲ့လေပြီ။ များလှပြီဟု မဆိုနိုင်ပါသော်လည်း အချို့စာအုပ်များ လေး၊ ငါး၊ ဆယ်ကြိမ် ထပ်မံပုံနှိပ်နေရဆဲဖြစ်သဖြင့် စာဖတ်ပရိသတ်က အားပေးနှစ်သက်နေဆဲ ဖြစ်ပေသေးသည်ဟု ဝမ်းသာရပါ၏။ မိမိရွေးချယ်ခဲ့သော အလုပ်တစ်ခုကို စာဖတ်ခြင်း၊ စာရေးခြင်းတို့ဖြင့် သစ္စာရှိစွာ ခိုင်ခိုင်မြဲမြဲ လက်တွဲနိုင်ခဲ့သဖြင့် မိမိဘဝကို ဆင်းရဲသည်ပဲဖြစ်စေ၊ ချမ်းသာသည်ပဲဖြစ်စေ၊ ကျေနပ်ပျော်ပိုက်လေသည်။

**အလေ့အကျင့်**

စာအုပ်ပေါင်း ၁၀၀ ကျော်ရေးသားခဲ့သဖြင့် ဘာပဲဖြစ်ဖြစ် အရေအတွက်ကိုဦးစားပေး၍ ဖြစ်မည်ဟု ထင်စရာဖြစ်ပါသော်လည်း ရေးပြီးသောစာအုပ်များ၊ စာတမ်းများ၊ ဆောင်းပါးများထဲတွင် ပြန်လည်ထုတ်ဝေ၍မဖြစ်အောင် လွဲချော်၊ မှားယွင်း၊ မဆီလျော်သောစာမျိုး တစ်ပုဒ်မှ၊ တစ်အုပ်မှမရှိခဲ့ခြင်းကို ထောက်ရှုလျှင် မရေးခင်ကလည်း သေချာစွာပြင်ဆင်သည်၊ ရေးပြီးလျှင်လည်း ပြန်လည်စိစစ်တည်းဖြတ်သည်။ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြီး မှန်အောင်၊ ချောအောင်၊ ကောင်းအောင် ကြိုးစားပါ၏။ အနုပညာပစ္စည်းဖြစ်သော မိမိစာပေလက်ရာကို စာဖတ်သူအလေးထားစေရန် မိမိကိုယ်တိုင်က တန်ဖိုးထားမြတ်နိုးစွာ ရေးသားပါသည်။ ဆရာကောင်း၊ သမားကောင်းတို့ ရှေ့ကလမ်းပြခဲ့သည့်အတိုင်း လေးစားစွာလိုက်နာလေ့ကျင့်ခဲ့သော အလေ့အကျင့်ကြောင့် အပြစ်အနာအဆာ အမှားအယွင်းနည်းပါးခဲ့ခြင်းဖြစ်ပေမည်။ အစကောင်းမှအနှောင်းသေချာဟူသော စကားကဲ့သို့ အစအဦး လေ့ကျင့်ဆည်းပူးရသော ဆရာများက ကောင်းရပေမည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၃)မှစ၍ တပ်ခွဲမှူးသင်တန်း၊ တပ်ရင်းမှူးသင်တန်း၊ စစ်ဦးစီးတက္ကသိုလ်သင်တန်းများသာမက ထောက်လှမ်းရေးသင်တန်း၊ ရေး၊ ထောက်သင်တန်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (အထူးသင်တန်း)အထိ သင်ယူရသော ပြဋ္ဌာန်းချက်စာအုပ်မှာ "ဦးစီးတာဝန်" ဖြစ်၏။ ဤစာအုပ်ကို ဆရာအမျိုးမျိုးက ရှုထောင့်အသွယ်သွယ်မှ ခုနစ်ကြိမ်၊ ရှစ်ကြိမ်မျှ ထပ်ကာထပ်ကာ သင်ကြားခဲ့ကြရာတွင် စာရေးသားနည်းသင်ခန်းစာလည်းပါခဲ့၏။ ဗိုလ်လောင်းဘဝမှဒုတိယဗိုလ်မှူးကြီးအဆင့်ထိ အကြိမ်ပေါင်းများစွာ အဖန်ဖန်သင်ယူခဲ့ရသည့် "စာရေးသားနည်း"ကို ဤကဲ့သို့ အတိုကောက်ကျက်မှတ်အလွတ်ရနေသဖြင့် စာပေရေးသားခြင်းအတွက် ဆောင်ရွက်စဉ် (Procedure) အခြေခံကောင်းရခဲ့ပါပေသည်။ ကိုးချက်ပါဝင်၏။

(၁) လေ့လာကြံဆ<br>
(၂) မှတ်သမျှ ပြန်စဉ်<br>
(၃) မဆိုင်လျှင်ပယ်ပစ်<br>
(၄) တစ်ထက်မပို<br>
(၅) ဝါကျတို<br>
(၆) ခေါင်းစဉ်ကို မကျော်ငြား<br>
(၇) ဗန်းစကားမသုံး<br>
(၈) နိဂုံးတွင် မသစ်ကောင်းသောစာ<br>
(၉) ပြီးလျှင်စစ်ပါ၊ ကောင်းသောစာ။

ရေးမည့်အကြောင်းအရာအတွက် အချက်အလက်ကျယ်ပြန့်စွာ ရှာဖွေစုဆောင်းလေ့လာရပါမည်။ ဆက်စပ်သော အခြင်းအရာများကို ပြည့်စုံမှန်ကန်စွာ စိစစ်ရမည်။

ထိုသို့ ရသမျှကုန်ကြမ်းကို ကုန်ချောအဖြစ်ပြန်၍ ဆက်စပ်စုစည်းရပါမည်။ မဆိုင်သောအချက်များကို မထည့်ဘဲ ပယ်ထားလိုက်ပါ။ စာပိုဒ်တစ်ပိုဒ်သည် ဆိုလိုရင်းတစ်ခုထက်မပိုဘဲ စုစုစည်းစည်း ကျစ်ကျစ်လျစ်လျစ် ဖြစ်နေရပါမည်။ ဝါကျကိုရှင်းလင်းအောင် တိုတိုရေးသင့်ပါသည်။ ရှည်ရှည်ဝေးဝေး ဝေ့လည်ကြောင်ပတ် မဖြစ်စေရပါ။

ရေးသောဝါကျသည် ခေါင်းစဉ်ဘောင်ကို မကျော်လွန်စေရ၊ ဘေးချော်မထွက်ရပါ။

ဗန်းစကား၊ ရိုင်းသောစကား၊ နားလည်ရခက်သော အဓိပ္ပာယ်နှစ်ခွဖြစ်သော စကားလုံးများကို ရှောင်ရပါမည်။

နိဂုံးသည် နိဒါန်းအပျိုးနှင့်ချိတ်မိအောင် အဓိပ္ပာယ်ခြုံငုံ၍ လိပ်ပတ်လည်ရှင်းလင်းရပါမည်။ အချက်အလက်အသစ်၊ ခေါင်းစဉ်အသစ်၊ စိတ်ကူးအသစ် ထပ်မထည့်ရပါ။ ရှုပ်ထွေး၍ နှောင့်ယှက်ရာရောက်စေသည်။

အရေးကြီးဆုံးအချက်မှာ အချောရေးပြီးနောက် နောက်တစ်ခေါက်၊ နှစ်ခေါက် အသံထွက်လက်ထောက်၍ ပြန်လည်စစ်ဆေးရမည်။ မပြေပြစ်လျှင် ပြင်ရမည်။ ဝါကျမချောလျှင် ပြင်ရမည်။ စာလုံးပေါင်းသတ်ပုံမှားလျှင် မှန်စေရမည်။ အကျအပေါက် အလွဲအချော်မရှိ ပြည့်စုံတိကျစွာ ကောင်းမွန်ရမည်။ စစ်ဆေးမှသာ ကောင်းသောစာဖြစ်ပါမည်။

**အခြေခံသဘောတရား**

ဆောင်ရွက်စဉ်နည်းနာ(Procedure)သည် စနစ်ကျမှန်ကန်လျှင် စာကောင်းဖြစ်စေရန် အထောက်အကူဖြစ်ပါသည်။ အပြစ်အနာအဆာ ချွတ်ယွင်းချက်များ ကင်းစင်နည်းပါးစေသည်။ ထို့ထက်ပို၍ အရင်းအမြစ်ကျသော အခြေခံနည်းနာတစ်ရပ်ရှိပါသေးသည်။ စကားပြောခြင်းဖြစ်စေ၊ စာပေရေးသားခြင်းဖြစ်စေ ယခုတင်ပြမည့်အချက် ၁၀ ချက်သည် ကောင်းမွန်ပြည့်စုံလျှင် ဂုဏ်ပြုချီးမြှင့်ဆု ပေးထိုက်အောင် ကောင်းသောလက်ရာအဖြစ် ပေါ်လွင်ထင်ရှားစေပါလိမ့်မည်။ အကယ်၍ ဤအချက်များနှင့် ဆန့်ကျင်ဖီလာ သို့မဟုတ် မကိုက်ညီလျှင် စာကောင်းဖြစ်ရန် အားနည်းချက် ပါနေနိုင်ပါသည်။ ထို့ကြောင့် ဤအချက်များကို အခြေခံသဘောတရား (Principle) ဟု ခေါ်သင့်ပါ၏။

စင်စစ်မူ စာဆိုသည်မှာ စကားကိုစာလုံးများဖြင့် မှတ်တမ်းတင်၍ ရေးသူကဖတ်သူအား သိမြင်နားလည်စေသော ဆက်သွယ်မှုတံတားပင်ဖြစ်၏။ လူ့အဖွဲ့အစည်းသည် ဘာသာစကားကြောင့် လူလူချင်း နားလည်မှု တုံ့လှယ်နိုင်ကြပြီး လူသားများဦးရေထောင်သောင်းချီသော လုပ်သားများ၊ စစ်သည်များဖြင့် မြို့ပြ ခံတပ်တည်ဆောက်ခြင်း၊ စစ်တိုက်ခြင်းတို့ကို ပြုနိုင်လာခဲ့သည်။ စကားက လူသား၏ယဉ်ကျေးမှုအဆင့် (Civilzation) ကို မြင့်စေခဲ့ပါသည်။

စာပေကို အသုံးချတီထွင်လာနိုင်သော နှစ်ပေါင်း ၈၀၀၀ ကျော်ကာလနောက်ပိုင်းတွင်ကား ဘာသာစကား၏ ကျေးဇူးကြောင့် အသိပညာ၊ အတတ်ပညာ၊ လူသားတို့၏ ဦးနှောက်ဉာဏ်ပညာဖွံ့ဖြိုးမှုများ လျင်မြန်တိုးတက်ကာ စိုက်ပျိုးရေးခေတ်မှ စက်ရုံ၊ အလုပ်ရုံခေတ်၊ ဂြိုဟ်တုဒုံးပျံခေတ်၊ အာကာသို့ ခရီးထွက်နိုင်သည့်အပြင် ဉာဏ်ရည်တု(Artificial Intel-ligence) AI ဖော်ထုတ်အသုံးချနိုင်သည်ထိ ဖွံ့ဖြိုးတိုးတက်လာပေသည်။ စာပေစွမ်းပကား ကြီးမားလှပေ၏။

စာကောင်းပေကောင်းဖြစ်ဖို့ရာ အောက်ပါအခြေခံသဘောတရား ၁၀ ချက်ကို လိုက်နာကြရပါမည်။

၁။ သစ္စာ= မှန်ကန်ရမည်။<br>
၂။ မေတ္တာ=စာဖတ်သူအတွက် မေတ္တာပါရမည်။<br>
၃။ ဓမ္မ= တရားမျှတရမည်။<br>
၄။ ရသ= အနုပညာပါရမည်။<br>
၅။ သီလ= ရိုးသားဖြောင့်မတ်ရမည်။<br>
၆။ ဝီရိယ= ကြိုးစားလုံ့လရှိရမည်။<br>
၇။ စေတနာ= ကောင်းကျိုးလိုလားမှုရှိရမည်။<br>
၈။ ဂုဏ်= စာပေဂုဏ်ရည်ရှိရမည်။<br>
၉။ ယဉ်ကျေးမှု=ရေးဟန်က နိုင်ငံကြီးသား ပီသရမည်။<br>
၁၀။ အခြေအနေ= ကာလ၊ ဒေသ၊ ပုဂ္ဂလိကနှင့် ဆီလျော်ကိုက်ညီရပါမည်။

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၀၈၄ ဧကထိ ရိတ်သိမ်းပြီးစီး



**တမူး မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၀၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၈၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"တမူးခရိုင်မှာ ဖူးစားပြောင်း ၁၂၅၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး ဒီနေ့ထိ ၁၀၈၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး အသိပညာပေးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်း ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၂၈၀၊ တမူးမြို့နယ်တွင် ၃၅၄ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၄၅၀ ဖြစ်ကြောင်း၊ ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဖူးစားပြောင်းများကို အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ရာ ဖူးစားပြောင်းများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

အထက်ပါ ၁၀ ချက်ကို အကျယ်ရှင်းရန် မလိုလောက်အောင် ရှင်းလင်းသည်ဟုဆိုနိုင်ပါသော်လည်း ပထမအချက်ဖြစ်သော **"သစ္စာ= မှန်ကန်ရမည်"**ဟူသောအချက်ကိုတော့ အနည်းငယ်ရှင်းပြပါရစေ။

ယခုခေတ်တွင် မုသား=လိမ်ညာလှည့်စား၊ မဟုတ်မမှန်အချက်အလက် အကြောင်းအရာ သတင်းများကို မသမာယုတ်ညံ့သူများက မိုးလုံးပြည့်မျှ အရှက်အကြောက်မရှိဘဲ မှိုင်းတိုက်နေကြသဖြင့် အမှားကို အမှန်တရားဖြင့် ရဲရင့်စွာကြံ့ကြံ့ခံ၍ အောင်မြင်စွာတွန်းလှန်နိုင်ရန်သည် အထူးလိုအပ် ချိန်ဖြစ်လေသည်။ မိမိရေးသောစာသည် ရည်ရွယ်ချက်၊ အကြောင်းအချက်၊ ရေးပုံ၊ သဒ္ဒါ၊ စာလုံးပေါင်း၊ သတ်ပုံမှအစ လုံးဝဥဿုံ ပြည့်စုံစွာမှန်ကန်စေရန် အားထုတ်သင့်ပါသည်။ အလိမ်အညာ မပါစေရ။

မြတ်စွာဘုရားက မုသာဝါဒကို အတိအကျတားမြစ်တော်မူပါသည်။ (ရာဟုလောဝါဒသုတ်)

**"ချစ်သားရာဟုလာ မုသားဆိုရင် ရယ်ဖွယ်အဖြစ်တောင်မပြောနဲ့။ လိမ်ဝံ့တဲ့သူက မလုပ်ရဲသော အကုသိုလ်ဟူ၍မရှိ။ မှောက်ထားသောရေခွက်မှာ ရေတစ်စက်မျှမကျန် ဘာမှမရှိတော့သလို ထိုလိမ်ဝံ့သူ၌လည်း အရည်အချင်းကောင်းဟူသမျှ ဘာမှမရှိနိုင်တော့ပေ"**

သစ္စာစကားကသာလျှင် ခွန်အားကြီးမားပါသည်။ အမှန်တရားဘက်တော်သားအဖြစ် ရပ်တည်၍ရေးပါ။

**နိဂုံး**

လူသားတိုင်းသည် ဘဝရပ်တည်မှုစားဝတ်နေရေးအတွက် အရွယ်ရောက်သောအချိန်မှစ၍ လုပ်နိုင်သော အသက်အရွယ် အချိန်အထိ အလုပ်အကိုင်တစ်ခုခုကို လုပ်ကိုင်ကြရသည်။ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း စသည်တစ်ခုခုဖြစ်နိုင်သည်။ စိုက်ပျိုးရေး၊ စက်ရုံအလုပ်ရုံ၊ ရုံးလုပ်ငန်း၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ကာကွယ်ရေး စသည်တို့ဖြစ်နိုင်ပေသည်။ စာပေရေးသားခြင်းကား အသိပညာဖြန့်ဝေထုတ်လုပ်ခြင်း(သုတ) အရေးအရာလည်းဖြစ်နိုင်သည်။ ခံစားမှုဖြစ်ပေါ်ကြည်နူးနှစ်သက်မှုရစေရန် ဖျော်ဖြေတင်ဆက်မှု (ရသ) အနုပညာဖန်တီးခြင်းလည်းဖြစ်နိုင်၏။

မည်သို့ပင်ဖြစ်စေ စာရေးသူသည် စာဖတ်ပရိသတ် စာရေးသူက အသိအမှတ်ပြုအားပေးမှသာ ရပ်တည်ရှင်သန်နိုင်လေသည်။ ကျောင်းဆရာအလုပ်တွင်လိုအပ်သော စေတနာ၊ ဝါသနာ၊ အနစ်နာတို့ရှိရမည့်အပြင် စာရေးဆရာဆိုသူမှာ စာရေးခြင်းဆိုင်ရာ **"နည်းနာအတတ်ပညာ"** ကိုလည်း တတ်မြောက်ကျွမ်းကျင်ပါမှသာ အသက်မွေးဝမ်းကျောင်းပညာဖြင့် ရှင်သန်နိုင်မည်ဖြစ်ပေသည်။ နည်းနာသဘောဆောင်ရွက်စဉ်၊ အခြေခံသဘောတရား၊ အနုပညာဖန်တီးမှု(ဆန်း၊ အလင်္ကာပညာ) တို့ကို ဘဝတစ်လျှောက်လုံး သင်ယူလေ့ကျင့်လျက် တိုးတက်အကျိုးပြုနိုင်အောင် ကြိုးစားအောင်မြင်ကြပါစေကြောင်း မေတ္တာပို့သရင်း နိဂုံးချုပ်နှုတ်ဆက်လိုက်ပါသည်။

## တို့နိုင်ငံအတွက်

– ငါတို့ပြည် သာယာဖို့
ကြိုးစားစို့ ညီနောင်တွေ၊
ရွှေပြည်တော် အမှန်မဝေး
ဆွေးနွေးစို့လေ၊
တိုင်းပြည်အတွက် တာဝန်ကျေ
ထမ်းရွက်စေ စည်းလုံးကြ၊
သွေးမကွဲရာ လမ်းမှန်လျှောက်
တောက်ပမည်ဗျ။

– စည်းကမ်းဆောင် လက်ချင်းတွဲ
အောင်မြင်မြဲ အစဉ်သာ၊
တို့မြန်မာ ဂုဏ်ရည်ဖြိုး
တိုးတက်ဝေဆာ၊
နိုးကြားလျက် ချစ်ကြည်စွာ
ထမ်းဆောင်ပါ ရှေ့သို့၊
ရွှေပြည်တော် ပြည်ထောင်စုကို
ရေးရှုပါစို့။

– နိုင်ငံတော် အလှတရား
နှလုံးသားနဲ့ စီခြယ်မည်၊
မိမိရပ်ရွာ ကာကွယ်ပေး
အေးချမ်းဂုဏ်ရည်၊
ပန်းတိုင်သို့ လှမ်းစို့ညီ
ရှေ့ရှည်တည် ခိုင်မြဲ၊
ရွှေနိုင်ငံ မျိုးဆက်သစ်တို့
ထုဆစ်ဆင်နွှဲ။ ။

**မောင်စစ်သွေး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တောင်ဆူဒန်တပ်ဖွဲ့ဝင်များကိုကယ်ထုတ်ရန် ကြိုးပမ်းနေသည့် ကုလသမဂ္ဂရဟတ်ယာဉ် တိုက်ခိုက်ခံရ

ခါတွမ် မတ် ၉

တောင်ဆူဒန်နိုင်ငံမြောက်ပိုင်း နာဆာမြို့တိုက်ပွဲတစ်ခု၌ ပိတ်မိနေသည့် တောင်ဆူဒန်အစိုးရတပ်ဖွဲ့ဝင်များကို ကယ်ထုတ်ရန်ကြိုးစားနေသည့် ကုလသမဂ္ဂရဟတ်ယာဉ်တစ်စင်း မတ် ၇ ရက်တွင် ပစ်ခတ် တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ကုလသမဂ္ဂရဟတ်ယာဉ်ကိုတိုက်ခိုက်ခံရမှုကြောင့် တောင်ဆူဒန်ဗိုလ်ချုပ်ကြီးတစ်ဦးနှင့် တပ်ဖွဲ့ဝင်အများအပြားသေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂရဟတ်ယာဉ်တိုက်ခိုက်ခံရမှုကြောင့် ခက်ခက်ခဲခဲကြိုးပမ်းနေရသည့် တောင်ဆူဒန်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိခိုက်သွားနိုင်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားထားသည်။

နာဆာမြို့၌တောင်ဆူဒန်အစိုးရတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အုပ်စုတစ်စုတို့ တိုက်ပွဲဖြစ်ပွားနေစဉ် ကုလသမဂ္ဂရဟတ်ယာဉ်က အစိုးရတပ်များကို ကယ်ထုတ်ပေးရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂရဟတ်ယာဉ်ပစ်ခတ်တိုက်ခိုက်ခံခဲ့ရမှုကြောင့် တောင်ဆူဒန်ဗိုလ်ချုပ်ကြီးတစ်ဦးနှင့် တပ်ဖွဲ့ဝင် ၂၇ ဦး သေဆုံးခဲ့ရကြောင်း တောင်ဆူဒန် ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကုလသမဂ္ဂရဟတ်ယာဉ်မှာ မြေပြင်၌တိုက်ခိုက်ခံခဲ့ရခြင်း သို့မဟုတ် ဝေဟင်၌ တိုက်ခိုက်ခံရခြင်း ဟုတ်မဟုတ်ကို တောင်ဆူဒန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ပူးတွဲအိမ်ရှင်များ၏ တင်းမာမှုများကြောင့် ပို၍စိတ်လှုပ်ရှားဖွယ်ကောင်းနိုင်ကြောင်း သမ္မတဒေါ်နယ်ထရန့်ပြောကြား



နယူးယောက် မတ် ၉

အမေရိကန်နိုင်ငံနှင့် ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့ကြား နိုင်ငံရေးနှင့် စီးပွားရေးတင်းမာမှုများကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲများမှာ ပို၍စိတ်လှုပ်ရှားဖွယ်ကောင်းလာလိမ့်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မတ် ၈ ရက်တွင်ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အလုပ်အဖွဲ့စည်းရေး အထူးအမိန့်ဒီကရီကို လက်မှတ်ရေးထိုးပြီးနောက် သမ္မတ ဒေါ်နယ်ထရန့်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၊ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့သည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံများအဖြစ် ပူးတွဲလက်ခံကျင်းပခွင့်ရရှိထားသည်။

သို့ရာတွင် သမ္မတဒေါ်နယ်ထရန့်က မက္ကဆီကိုနှင့် ကနေဒါနိုင်ငံသွင်းကုန်များအပေါ် အခွန်စည်းကြပ်ရန်စီစဉ်ထားရာ ၎င်းနိုင်ငံ နှစ်နိုင်ငံ အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာလျက်ရှိသည်။

ထို့ကြောင့် ပူးတွဲအိမ်ရှင်နိုင်ငံများကြား နိုင်ငံရေးတင်းမာမှုများကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများမှာ ပို၍ကြည့်ကောင်းလာမည်ဖြစ်သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကို ၂၀၂၆ ခုနှစ် ဇွန် ၁၁ ရက်မှ ဇူလိုင် ၁၉ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရွှေ့ပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် ရေယာဉ်လေးစီးတိမ်းမှောက် နှစ်ဦးသေ၊ ၁၈၆ ဦး ပျောက်ဆုံး



ဆာနား မတ် ၉

ယီမင်နိုင်ငံနှင့် ဂျီဘူတီနိုင်ငံ ကမ်းလွန်ရေပြင်တို့၌ မတ် ၇ ရက်က အာဖရိကရွှေ့ပြောင်းဝင်ရောက်သူများလိုက်ပါလာသည့် ရေယာဉ်လေးစီးတိမ်းမှောက်ခဲ့ရာ အနည်းဆုံး နှစ်ဦးသေဆုံး၍ ၁၈၆ ဦး ပျောက်ဆုံးနေကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါရေယာဉ်လေးစီးအနက် နှစ်စီးမှာ ယီမင်နိုင်ငံကမ်းလွန်ရေပြင်အတွင်း တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ကျန်နှစ်စီးမှာ ဂျီဘူတီကမ်းလွန်၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယီမင်ကမ်းလွန်ရေယာဉ်တိမ်းမှောက်မှုအတွင်း ရေယာဉ်ဝန်ထမ်းနှစ်ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ရွှေ့ပြောင်းဝင်ရောက်သူ ၁၈၁ ဦးနှင့် ယီမင်ရေယာဉ်ဝန်ထမ်း ငါးဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားထားသည်။

ယီမင်ကမ်းလွန်ရေယာဉ်တိမ်းမှောက်မှုများနှင့် တစ်ချိန်တည်းဖြစ်ပွားခဲ့သည့် ဂျီဘူတီကမ်းလွန်ရေပြင်၌ ရေယာဉ်တိမ်းမှောက်မှုတွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူနှစ်ဦးသေဆုံးခဲ့ရပြီးကျန်ရွှေ့ပြောင်း ဝင်ရောက်သူများကို ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ယီမင်နိုင်ငံသည် ပင်လယ်ကွေ့ အာရပ်နိုင်ငံများသို့ သွားရောက်အလုပ်လုပ်လိုသည့် အာဖရိကရွှေ့ပြောင်းဝင်ရောက်သူများ ဖြတ်သန်းရာလမ်းကြောင်းဖြစ်သည်။

ယီမင်သို့ရောက်ရှိရေးအတွက် အာဖရိကရွှေ့ပြောင်းဝင်ရောက်သူများသည် ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့ကို ဖြတ်သန်းကြရကြောင်း သိရသည်။

Ref : RT
Trs : KKO

# ခါ့ချ်နယ်မြေ၌ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကိုအသုံးပြု၍ ရုရှားအထူးတပ်ဖွဲ့ဝင်များက ယူကရိန်းတပ်များကို အငိုက်ဖမ်းတိုက်ခိုက်



မော်စကို မတ် ၉

ရုရှားအထူးတပ်ဖွဲ့ဝင်များသည် ခါ့ချ်နယ်မြေ ဆူဒါမြို့တိုက်ပွဲတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုကိုအသုံးပြု၍ ယူကရိန်းတပ်များကို အငိုက်ဖမ်းတိုက်ခိုက်နိုင်ခဲ့ကြောင်းရုရှားမီဒီယာများကယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှား အထူးတပ်ဖွဲ့ဝင်များသည် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်း ဝင်ရောက်၍ ၁၅ကီလိုမီတာအထိ ပိုက်လိုင်းတစ်လျှောက်ချီတက်၍ ဆူဒါမြို့အနီးရှိ ယူကရိန်းတပ်များကို အငိုက်ဖမ်းတိုက်ခိုက်နိုင်ခဲ့ကြောင်း ရုရှားစစ်ရေးဘလော့ဂါများက ပြောကြားသည်။

လက်ရှိအချိန်တွင် ရုရှားတပ်များက ဆူဒါမြို့ကို စီးနင်းတိုက်ခိုက်နေပြီဖြစ်ကြောင်း ရုရှားမီဒီယာများ၏ အဆိုအရ သိရသည်။

ဆူဒါမြို့သည် ယခင်က ရုရှားဓာတ်ငွေ့များကို ဥရောပသို့ပို့ဆောင်ရာတွင် အသုံးပြုသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဆုံရာ မြို့တစ်မြို့ဖြစ်သည်။

ယူကရိန်းအရှေ့ပိုင်းစစ်မြေပြင်၌ ရုရှား၏ စစ်ရေးဖိအားကို လျှော့ချရေးအတွက် ယူကရိန်းတပ်များသည် ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း ရုရှားအနောက်ပိုင်း ခါ့ချ်နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ပြင်သစ်နိုင်ငံက ၎င်းတို့ထိန်းချုပ်ထားသည့် စစ်စခန်းနှစ်ခုကို ဆီနီဂေါစစ်ဘက်ထံ ပြန်လည်လွှဲပြောင်းပေးအပ်



ဒက္ကာ မတ် ၉

ပြင်သစ်နိုင်ငံသည် ဆီနီဂေါနိုင်ငံရှိ ၎င်းတို့ထိန်းချုပ်ထားသော စစ်စခန်းနှစ်ခုကို ဆီနီဂေါစစ်ဘက်ထံ မတ် ၈ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပြင်သစ် တပ်ဖွဲ့ဝင်မှန်သမျှ ပြန်လည် ထွက်ခွာကြရမည်ဖြစ်ကြောင်းဆီနီဂေါသမ္မတဘက်ဆီရူးဒီယိုမာယီ ဖာယီက ပြီးခဲ့သည့်နှစ် အတွင်းက ကြေညာထားပြီးနောက် ပြင်သစ်နိုင်ငံက အဆိုပါစစ်စခန်းနှစ်ခု ထိန်းချုပ်ခွင့်ကို ဆီနီဂေါစစ်ဘက်ထံ ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ဆီနီဂေါ၌ အခြေစိုက်ထားသည့် တပ်ဖွဲ့ဝင်များကိုရုပ်သိမ်းရေးအတွက် ပြီးခဲ့သည့်လက ဆီနီဂေါအစိုးရနှင့် ကော်မရှင်တစ်ရပ် ပူးတွဲဖွဲ့စည်းထားသည်။

ဆီနီဂေါအစိုးရသည် ပြင်သစ်စစ်စခန်းများ ဆီနီဂေါတွင်ထားရှိမှုကို ကိုလိုနီနယ်ချဲ့စနစ်ခေတ်၏ အမွေအနှစ်အဖြစ် ရှုမြင်ထားသည်။

ထို့ပြင် ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း ချက်၊ နိုင်ဂျာနှင့် ဘာကီနာဖာဆို အပါအဝင် အာဖရိကအနောက်ပိုင်းနိုင်ငံများမှ စစ်စခန်းများကို စွန့်လွှတ်ခဲ့ရသည်။

ပြင်သစ်စစ်ဘက်သည် ဆီနီဂေါနိုင်ငံ၌ တပ်ဖွဲ့ဝင်ဦးရေ ၃၅၀ ထိ တပ်စွဲထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က MQ-20 Avenger မောင်းသူမဲ့လေယာဉ်ကို အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်မှု ဆော့ဖ်ဝဲလ်များအသုံးပြု၍ သရုပ်ပြစမ်းသပ်ခဲ့



အမေရိကန်နိုင်ငံ General Atomics Aeronautical Systems (GA-ASI) သည် မကြာသေးမီကမှ MQ-20 Avenger မောင်းသူမဲ့လေယာဉ်ကို အလိုအလျောက်ပျံသန်းလုပ်ဆောင်နိုင်မှု ဆော့ဖ်ဝဲလ်များ အသုံးပြု၍အစီအစဉ်လိုက် ထိန်းကျောင်းပျံသန်းမှု သရုပ်ပြစမ်းသပ်မှု လုပ်ဆောင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၇ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

ကနဦးစမ်းသပ်ပျံသန်းမှုကို အမေရိကန်နိုင်ငံအစိုးရက ပံ့ပိုးပေးထားသော ရည်ညွှန်းဆော့ဖ်ဝဲလ်တစ်ခုဖြင့် ထိန်းကျောင်းပျံသန်းခဲ့ခြင်းဖြစ်ပြီး ဝေဟင်မှ ဝေဟင်စစ်ဆင်ရေးများအပေါ် အာရုံစိုက်ထိန်းချုပ်လုပ်ဆောင်ခဲ့ကြသည်။ ဆော့ဖ်ဝဲလ်ကို အဆင်ပြေချောမွေ့စွာ ထိန်းချုပ်ခြင်းနှင့် စောင့်ကြည့်ခြင်းများအတွက် အစိုးရကပံ့ပိုးပေးထားသော Pilot Vehicle Interface (PVI) ဆော့ဖ်ဝဲလ်ကို အသုံးပြုခဲ့သည်။

ဤသရုပ်ပြမှုသည် မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ်များအတွက် ကိုယ်တိုင် တိုက်ပွဲဝင်လုပ်ဆောင်နိုင်ရန်အတွက် သိသာထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်ကြောင်း GA-ASI ကုမ္ပဏီ Advanced Programs ၏ ဒုတိယဥက္ကဋ္ဌ Michael Atwood က ပြောကြားခဲ့သည်။

"အမေရိကန်လေတပ် စမ်းသပ်ရေးဌာနချုပ်အောက်ရှိ Orange Flag 25-1 စမ်းသပ်မှုများတွင် အစိုးရ၏ ရည်ညွှန်းဆော့ဖ်ဝဲလ်အသုံးပြုပျံသန်းခြင်းနှင့်အစိုးရက ပံ့ပိုးပေးထားသော PVI ဆော့ဖ်ဝဲလ်ကို အသုံးပြုခြင်းသည် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များအတွက် ခိုင်မာပြီး လိုက်လျောညီထွေရှိသော အလိုအလျောက်ပျံသန်း၍ တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုများ ပြုလုပ်နိုင်စေရန်အတွက် အလေးပေးဖော်ပြလျက်ရှိသည်" ဟုၾင်းက ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။


ပျံသန်းမှု အလယ်လောက်တွင် ရည်ညွှန်းဆော့ဖ်ဝဲလ်သည် မောင်းသူမဲ့လေယာဉ်ထိန်းချုပ်မှုကို Shield AIကုမ္ပဏီထုတ် Hivemind အလိုအလျောက်လုပ်ဆောင်နိုင်မှုဆော့ဖ်ဝဲလ်သို့ လွှဲပြောင်းလုပ်ဆောင်စေခဲ့သည်။ PVI ကို အကျိုးရှိစွာ အသုံးချ၍ Hivemind ဆော့ဖ်ဝဲလ်ဖြင့် မောင်းသူမဲ့လေယာဉ်ကို ပျံသန်းမှုတစ်လျှောက်လုံး ထိန်းကျောင်းပျံသန်းနိုင်ခဲ့ သည်။ PVI ဆော့ဖ်ဝဲလ်သည် ကိုယ်ပိုင်ပျံသန်းလုပ်ဆောင်နိုင်သည့် စစ်ဘက်သုံး မောင်းသူမဲ့ လေယာဉ်များတွင် အပြန်အလှန်လုပ်ဆောင်နိုင်မှုကို အဆင့်မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

UAV ပျံသန်းမှုအတွင်း ဆော့ဖ်ဝဲလ်တစ်ခုမှအခြားတစ်ခုသို့ ပြောင်းလဲအသုံးပြုထိန်းကျောင်းနိုင်မှုသည် ဆော့ဖ်ဝဲလ်အဆင့်မြှင့်တင်မှုများ လျင်မြန်စွာလုပ်ဆောင်နိုင်ခြင်းနှင့် အနာဂတ်မောင်းသူမဲ့လေယာဉ်များအတွက် အပြန်အလှန်ပျံသန်းလုပ်ဆောင်နိုင်မှုကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။ MQ-20 UAV သည် အနာဂတ် အလိုအလျောက်ပျံသန်း၍ ပူးပေါင်းတိုက်ပွဲဝင်နိုင်မည့် မောင်းသူမဲ့လေယာဉ်များအတွက် စမ်းသပ်မှုအဖြစ် အသုံးပြုထားသည့် ဂျက်အင်ဂျင်သုံး မောင်းသူမဲ့လေယာဉ်အမျိုးအစားလည်း ဖြစ်ကြောင်း သိရသည်။

"ဒီသရုပ်ပြပျံသန်းမှုမှာ ထုတ်လုပ်တဲ့ကုမ္ပဏီရဲ့ ထိန်းချုပ်မှုတစ်စုံတစ်ရာမပါဘဲ Open-Architecture Platform တွေမှာ အဆင့်မြင့်ကိုယ်ပိုင်လုပ်ဆောင်မှု စနစ်တွေ ဘယ်လိုချောမွေ့စွာ လည်ပတ်နိုင်တယ်ဆိုတာကို ပြသနိုင်ခဲ့ပါတယ်။ ရနိုင်သော အကောင်းဆုံးမစ်ရှင် ကိုယ်ပိုင်လုပ်ဆောင်နိုင်မှု ဖြေရှင်းချက်များကို မောင်းသူမဲ့လေယာဉ်တွေမှာ အသုံးပြုနိုင်ဖို့အတွက် သေချာသထက် သေချာလာစေပြီလည်း ဖြစ်ပါတယ်။ ကျွန်ုပ်တို့သည် Shield AI ကုမ္ပဏီနှင့် ပူးပေါင်းကာ သရုပ်ပြ သက်သေပြုထားသောကျွမ်းကျင်မှုများနှင့် မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်များအတွက် နောက်ဆုံးပေါ်စွမ်းဆောင်ရည်များပေးအပ်ဖို့ ကတိကဝတ်များ ပေးအပ်နိုင်ခဲ့ပြီပဲဖြစ်ပါတယ်" ဟု GA-ASI ကုမ္ပဏီ Advanced Programs ၏ ဒုတိယဥက္ကဋ္ဌ Mike Atwood က ပြောကြားခဲ့သည်။

**General Atomics Demos Autonomous Drone Flight ကို ဘာသာပြန်ဆိုထားပါသည်။**

## ဥရောပထုတ် ၁၀၀ ကီလိုဝပ် လေဆာလက်နက် ပရောဂျက်အတွက် လစ်သူရေးနီးယားကုမ္ပဏီ Altechna ကို ရွေးချယ်



ဥရောပ၏ ကိုယ်ပိုင်အပြည့်အဝ တီထွင်ထုတ်လုပ်ထားသော ၁၀၀ ကီလိုဝပ် လေဆာလက်နက်ပရောဂျက်အတွက် လစ်သူရေးနီးယားကုမ္ပဏီ Altechna ကို ရွေးချယ်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၆ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

နည်းဗျူဟာမြောက် အဆင့်မြင့် လေဆာလက်နက် TALOS-TWO (Tactical Advanced Laser Optical Systems-TWO)ဟု အမည်ပေးထားသည့် အဆိုပါပရောဂျက်သည် ကြည်း၊ ရေ၊ လေ လက်နက်စနစ်များကို ခိုင်မာအားကောင်းစေရန် တိုက်ရိုက်စွမ်းအင်သုံး လက်နက်များဖြင့် အားဖြည့်ပေးနိုင်ကာ အဖျက်စွမ်းအားနှင့် တိကျစွာတိုက်ခိုက်ချေမှုန်းနိုင်စေရန် ရည်ရွယ်ကြိုးပမ်းလာခြင်းလည်းဖြစ်သည်။

ဥရောပကာကွယ်ရေးရန်ပုံငွေမှ ယူရို ၂၅ သန်း ပံ့ပိုးထားပြီး ၂၀၃၀ ပြည့်နှစ်တွင် ပြီးစီးရန် ပဏာမခြေလှမ်းအဖြစ် မျှော်လင့်ထားသည်။ လေဆာလက်နက်သည် အန္တရာယ်ရှိသောဇုန်များကို အချိန်နှင့်တစ်ပြေးညီ 3D ပုံဖော်နိုင်စေရန် ဒီဇိုင်းထုတ်ထားသောကြောင့် Altechna ကုမ္ပဏီ၏အခန်းကဏ္ဍမှာ မရှိမဖြစ်လိုအပ်သော အလင်းနှင့်ပတ်သက်သော နည်းပညာကျွမ်းကျင်မှုများကို ပံ့ပိုးပေးသွားရန်ဖြစ်သည်။

"ဥရောပတိုက်ရဲ့ နယ်နိမိတ်တွေမှာ ပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားနေပြီး လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုတွေ တိုးပွားလာနေတဲ့အတွက် နိုင်ငံတစ်နိုင်ငံရဲ့ ကာကွယ်ရေးကို အာမခံရာမှာ ဘယ်နိုင်ငံမှတစ်နိုင်ငံတည်း မရပ်တည်နိုင်ဘူးဆိုတာ ဥရောပကို နားလည်သွားစေခဲ့ပါတယ်" ဟု Altechna ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Antanas Laurutis က မှတ်ချက်ပြုခဲ့သည်။

"ကိုယ်ပိုင်နည်းပညာဖြင့် လေဆာလမ်းညွှန် တိုက်ရိုက်စွမ်းအင်သုံးလက်နက်များကို တီထွင်ထုတ်လုပ်နိုင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ခေတ်မီစစ်မှုရေးရာနည်းပညာကို ပိုင်ဆိုင်အသုံးပြုနိုင်မည်ဖြစ်ကာ ဥရောပ၏ပြင်ပရန်ခြိမ်းခြောက်မှုအန္တရာယ်များကို တစ်စုတစ်စည်းတည်းသော စွမ်းအားအဖြစ် ဟန့်တားနိုင်စေရန် အားဖြည့်ပေးနိုင်မည်ဖြစ်သည်"ဟု ၎င်းက ထည့်သွင်း ပြောကြားခဲ့သေးကြောင်း သိရသည်။

TALOS-TWO ပရောဂျက်သည် အယူအဆ၊ သဘောတရားပိုင်းဆိုင်ရာ အတည်ပြုပေးနိုင်ရေး အာရုံစိုက်ထားသည့် ကနဦးTALOS ပဏာမလုပ်ဆောင်ချက်အပေါ်အခြေခံ၍ ဆက်လက်အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအဆင့်သည် စွမ်းအားမြင့် 1-micron ပေါင်းစပ်လေဆာအရင်းအမြစ်နှစ်ခုနှင့် သဏ္ဌာန်တူ 2-micron လေဆာပေါင်းစပ်မှုများအပါအဝင် သရုပ်ပြစနစ်များကို ဖန်တီးပုံဖော်နိုင်ရန် ရည်ရွယ်လုပ်ဆောင်နေပြီဖြစ်သည်။ ပရောဂျက်၏ ပထမအဆင့်နှင့် ဒုတိယအဆင့်များသည် ကာကွယ်ရေးစွမ်းရည်များ တိုးမြှင့်ရေး၊ ဥရောပ၏နည်းပညာနှင့် စက်မှုအခြေခံ ကာကွယ်ရေးလုပ်ငန်းများ အားကောင်းစေရေးနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်ရေးအတွက် ရေရှည်မဟာဗျူဟာမြောက် လမ်းပြမြေပုံတစ်ရပ် ရေးဆွဲချမှတ်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Altechna Joins Program to Develop Europe's First Sovereign 100kW Laser Weapon ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

## ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဘရာဟမ်ဒီယက်ဇ်ဆွတ်ခူး

မက်ဒရစ် မတ် ၉

စပိန်လာလီဂါပြိုင်ပွဲ၏ ဖေဖော်ဝါရီလအတွက်တစ်လတာအကောင်းဆုံး ကစားသမားဆုကို ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ဘရာဟမ်ဒီယက်ဇ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ဘရာဟမ်ဒီယက်ဇ်သည် ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်း အသင်းနှင့်အတူ ကစားခဲ့ သည့် စပိန်လာလီဂါပွဲစဉ်များတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး အသင်းအတွက် အရေးပါသည့် သွင်းဂိုးများကိုသွင်းယူနိုင်ခဲ့ပြီးနောက် ဖေဖော်ဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘရာဟမ်ဒီယက်ဇ် သည် ဖေဖော်ဝါရီလအတွင်း ကစားခဲ့သည့် ဘက်တစ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးနှင့် အေတီကိုအသင်းနှင့်ပွဲစဉ်တွင်လည်း အရေးပါသည့် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

Ref : Fabrizio Romano

Trs : STA

## ဖလိုရီယန်ဝစ် အပါအဝင် ကစားသမားသုံးဦး ဒဏ်ရာရခဲ့ကြောင်း လေဗာကူဆင်အသင်း ထုတ်ပြန်

ဘာလင် မတ် ၉

လေဗာကူဆင် အသင်းသည် ဝါဒါဘရီမင်အသင်းကို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အဓိက ကစားသမားများဖြစ်သည့် တောင်ပံတိုက်စစ်မှူး ဖလိုရီယန်ဝစ် အပါအဝင် ကွင်းလယ်ကစားသမား ရှာကာနှင့် ခံစစ်ကစားသမား တက်ဆိုဘာတို့ကို ဒဏ်ရာကြောင့် လူစားလဲခဲ့ရကြောင်း ထုတ်ပြန်ခဲ့သည်။

လေဗာကူဆင်အသင်း အနေဖြင့် အင်္ဂါနေ့က ကစားခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အဆိုပါကစားသမားများကို ထည့်သွင်းအသုံးပြုခဲ့သော်လည်း ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် ပွဲချိန်ပြည့် ထည့်သွင်းခြင်းမရှိဘဲ လူစားလဲအသုံးပြုခဲ့ပြီး ယခုပွဲစဉ်တွင် ကစားသမားသုံးဦးစလုံး တိုးတက်မှုရှိသဖြင့် ထည့်သွင်းအသုံးပြုခဲ့ရာ ပထမပိုင်း ပွဲကစားချိန်အပြီးတွင် ခံစစ်ကစားသမား တက်ဆိုဘာနှင့် ကွင်းလယ်ကစားသမား ရှာကာတို့ကို ဒဏ်ရာကြောင့် လူစားလဲခဲ့ရသည်။

ထို့ပြင် နည်းပြအလွန်ဆိုက တောင်ပံကစားသမား ဖလိုရီယန်ဝစ်ကို ဘူအန်ဒီယာနှင့် လဲလှယ်မှုပြုလုပ်ခဲ့ပြီး တိုက်စစ်ပိုင်း မြှင့်တင်ခဲ့သော်လည်း ကစားသမားအနေဖြင့် ပွဲကစားချိန် ၅၉ မိနစ်အရောက်တွင် ခြေဖဝါးဒဏ်ရာ ရရှိခဲ့သောကြောင့် အသင်းဖော်ကစားသမား ဂါမယ်ဒိုနှင့် ထပ်မံလဲလှယ်ခဲ့ရပြီး ဖလိုရီယန်ဝစ်၏ ဒဏ်ရာအခြေအနေမှာ စိုးရိမ်ရသဖြင့် ပြိုင်ပွဲမပြီးဆုံးမီ ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

နည်းပြအလွန်ဆိုက "လက်ရှိမှာ ကစားသမားတွေရဲ့ ဒဏ်ရာကို စစ်ဆေးမှု ပြုလုပ်နေတာကြောင့် အတိအကျ မသိရသေးပါဘူး။ ဒါပေမဲ့ ရှာကာနဲ့ တက်ဆိုဘာတို့ရဲ့ ဒဏ်ရာအခြေအနေက ခေတ္တအနားယူလိုက်ရင် ပြန်ကောင်းလာမှာပါ။ ဖလိုရီယန်ဝစ်ကတော့ ဒဏ်ရာပြင်းထန်တဲ့ အခြေအနေရှိတာကြောင့် ဘယ်အချိန်ထိ နားရမလဲဆိုတာ မပြောနိုင်သေးပါဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## အားကစားသတင်းအတိုအထွာများ

- လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် တောင်ပံကစားသမား ဂါနာချိုကို စတာလင်ပေါင် ၄၂ သန်းဖြင့် ရောင်းချရန် မန်ယူအသင်းနှင့် အေတီကိုအသင်းတို့ သဘောတူညီခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် အန်ဖီဖာနန်ဒက်စ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၇ သန်း အလိုရှိကြောင်း ချဲလ်ဆီးအသင်း တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

ML

## UFC 313 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှူအာဗန်က ဂျပန်ဖိုက်တာ ဆူရူယကို ဒိုင်အမှတ်ဖြင့် အနိုင်ရရှိ



ရန်ကုန် မတ် ၉

အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်မြို့ရှိ T-Mobile ကွင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည့် UFC 313 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှူအာဗန်သည် ဖလိုင်းဝိတ်တန်းပွဲစဉ်အဖြစ် ဂျပန်ဖိုက်တာ ဆူရူယနှင့် ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဂျိုရှူအာဗန်အနေဖြင့် ၁၀ ပွဲဆက် ရှုံးပွဲမရှိဖြင့် စွမ်းဆောင်ရည်ကောင်းများ ပြသထားနိုင်ခဲ့သည့် ဆူရူယကို အကောင်းဆုံး ဖိအားပေးထိုးသတ်နိုင်ခဲ့ကာ လက်ရည်အသာစီးရရှိခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဂျိုရှူအာဗန်သည် ဖိုက်တာလောကကို အစောပိုင်းက Fury အဖွဲ့အစည်းနှင့် စာချုပ်ချုပ်ဆိုကာပြိုင်ပွဲများ ပါဝင်ထိုးသတ်ခဲ့ပြီးနောက် အောင်မြင်မှုများ ရယူနိုင်ခဲ့သည့်အတွက် ဖိုက်တာလောကတွင် ထိပ်တန်းအဖွဲ့အစည်းဖြစ်သည့် UFC က ခေါ်ယူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

၎င်းသည် UFC နှင့် စာချုပ်ချုပ်ဆိုကာ ပြိုင်ပွဲများ ဝင်ရောက်ထိုးသတ်ခဲ့ပြီးနောက် UFC ပြိုင်ပွဲများတွင် ပထမဆုံးထိုးသတ်သည့် မြန်မာလူမျိုး ဖိုက်တာအဖြစ် မှတ်တမ်းဝင်ထားခဲ့ခြင်းဖြစ်ပြီး အောင်မြင်မှုများကိုလည်း ရယူထားနိုင်ခဲ့သူဖြစ်သည်။

ဂျိုရှူအာဗန်သည် UFC ပြိုင်ပွဲတွင် အစောပိုင်းက မြန်မာနိုင်ငံကိုယ်စားပြု ထိုးသတ်ခွင့်မရရှိခဲ့သော်လည်း ယခုပွဲစဉ်မှစတင်ပြီး မြန်မာနိုင်ငံကိုယ်စားပြု ထိုးသတ်ခွင့်ရရှိခဲ့ကာ မြန်မာနိုင်ငံအလံကိုလည်း အသုံးပြုခွင့်ရရှိခဲ့သည်။

ဂျိုရှူအာဗန်အနေဖြင့် ဆူရူယကို အနိုင်ရရှိခဲ့ပြီးနောက် UFC ပြိုင်ပွဲတွင် ခုနစ်ပွဲကစားခဲ့ရာ ခြောက်ပွဲအနိုင်ရရှိခဲ့ပြီး တစ်ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

STA

## ကာရိုလိုင်းက ဘိုမီရှိရှင်ကိုအနိုင်ယူကာ WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့



လန်ဒန် မတ် ၉

အမျိုးသမီး WBC လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ဗြိတိန်လက်ဝှေ့မယ် ကာရိုလိုင်းနှင့် စိန်ခေါ်သူ တောင်ကိုရီးယားလက်ဝှေ့မယ် ဘိုမီရှိရှင်တို့ မတ်လ ၈ ရက်က အင်္ဂလန်နိုင်ငံ ကန်စင်တန်မြို့တွင် ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် လက်ရှိချန်ပီယံ ကာရိုလိုင်းက အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဒိုင်အမှတ်ဖြင့် လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သော်လည်း ရမှတ်များမှာ ကွာဟမှုကျဉ်းမြောင်းခဲ့သည်။ အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် ဒိုင်တစ်ဦးက (၉၅-၉၅) ရမှတ်ဖြင့် သရေရလဒ်သတ်မှတ်ခဲ့ပြီး ကျန်ဒိုင်နှစ်ဦးအနက် တစ်ဦးက (၉၈-၉၃) ရမှတ်ဖြင့်လည်းကောင်း၊ အခြားဒိုင်တစ်ဦးက (၉၈-၉၂) ရမှတ်ဖြင့် လည်းကောင်း ကာရိုလိုင်းအား အနိုင်ပေးခဲ့သည်။

ကာရိုလိုင်း၏နည်းပြ မက်ကွီဂန်က "ရှစ်ချီအထိကို ကာရိုလိုင်းက ချန်ပီယံစွမ်းဆောင်ရည်မျိုး ပြသသွားနိုင်ခဲ့ပါတယ် ။ ရှစ်ချီစလုံးမှာ ထိုးသတ်သွားတာ အရမ်းကောင်းတယ်။ ကိုးချီမြောက်နဲ့ ၁၀ ချီမြောက်မှာတော့ ကာရိုလိုင်း ရှုံးနိမ့်ခဲ့တယ်။ လုံးဝအထိုင်ပျက်သွားခဲ့တယ်။ ပြိုင်ဘက်ကလည်း ကိုးချီမြောက်နဲ့ ၁၀ ချီမြောက်မှာ ရလဒ်တစ်ခုထွက်ပေါ်လာစေဖို့အတွက် အရဲစွန့်ပြီးတော့ အတင်းဝင်လုံးခဲ့တယ်။ ကာရိုလိုင်းအတွက် ပိုကောင်းတဲ့အတွေ့အကြုံတစ်ခု ရသွားခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘာအကြောင်းပြချက်ကိုမှ မပေးလိုပါဘူး။ ကာရိုလိုင်းအတွက် ဂုဏ်ယူစရာနိုင်ပွဲတစ်ပွဲဖြစ်ပြီး ကမ္ဘာ့ချန်ပီယံကို ကာကွယ်နိုင်ခဲ့တဲ့အတွက် ဝမ်းသာစရာပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## လီဗာပူးအသင်း၏ တတိယမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဆာလာဟ်ရပ်တည်



မန်ချက်စတာ မတ် ၉

တိုက်စစ်မှူး ဆာလာဟ်သည် ဆောက်သမ်တန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် အသင်းသမိုင်းတွင် သွင်းဂိုး ၂၄၂ ဂိုးဖြင့် တတိယမြောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

လီဗာပူးအသင်း သမိုင်းတွင် တတိယမြောက်ဂိုးသွင်းအများဆုံးဖြစ်သည့် ဟော့ဆန်သည် ၁၉၂၆ ခုနှစ်မှ ၁၉၃၅ ခုနှစ်အတွင်း ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၄၁ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း တိုက်စစ်မှူး ဆာလာဟ်က ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၅၄ မိနစ်နှင့် ၈၈ မိနစ်တို့တွင် ပင်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် နိုင်ပွဲရရှိအောင် စွမ်းဆောင် နိုင်ခဲ့သည့်အပြင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၄၂ ဂိုးထိ ရှိခဲ့သောကြောင့် ဟော့ဆန်၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိ လီဗာပူးအသင်း သမိုင်းတွင်း ဂိုးသွင်းအများဆုံး ကစားသမားများအဖြစ် အီရန်ရက်က သွင်းဂိုး ၃၄၆ ဂိုးဖြင့် ပထမ၊ ရော်ဂျာဟန့်က သွင်းဂိုး ၂၈၅ ဂိုးဖြင့် ဒုတိယ၊ ဆာလာဟ်က သွင်းဂိုး ၂၄၂ ဂိုးဖြင့် တတိယ၊ ဟော့ဆန်က သွင်းဂိုး ၂၄၁ ဂိုးဖြင့် စတုတ္ထ၊ လစ်ဒဲလ်က သွင်းဂိုး ၂၂၈ ဂိုးဖြင့် ပဉ္စမ၊ ဂျာရတ်က သွင်းဂိုး ၁၈၆ ဂိုးဖြင့် ဆဋ္ဌမနေရာတွင် ရပ်တည်လျက်ရှိသည်။

ဆာလာဟ်သည် ၂၀၁၇ ခုနှစ်က ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ခြေစွမ်းပြ ကစားနိုင်ခဲ့သဖြင့် ဘောလုံးရာသီတိုင်းတွင် သွင်းဂိုးနှင့် ဖန်တီးမှုပေါင်း အနည်းဆုံး ၃၀ ကျော် ပြုလုပ်နိုင်ခဲ့သူဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၈၁ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၄၅ ဂိုး၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် ခြောက်ဂိုး၊ ယူရိုပါလိဂ်ပြိုင်ပွဲတွင် ငါးဂိုး၊ ကာရာဘောင်းဖလားပွဲတွင် လေးဂိုး၊ ကွန်မြူနတီဒိုင်းတွင် တစ်ဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ဂိုးဖန်တီးမှုပေါင်း ၁၀၉ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : 90min

Trs : ML

# ပန်းတိုင်သို့ ချီရာဝယ်

**ပြည်စိုးညိမ်း**

**ရုရှားနှင့် မြန်မာ**
**မြန်မာနှင့် ရုရှား။**
**အချစ်မပျက်ပါဘု**
**ခေတ်အဆက်ဆက် မနေးကူလို့**
**အတွေးတူ အယူမကွဲပါပဲ**
**အရေးတယူ အတူတွဲတယ်**
**ခိုင်မြဲတဲ့အား။**

၂၀၂၅ ခုနှစ် မတ်လ ၃ ရက်၊ ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၅ ရက်။ အမိမြန်မာနိုင်ငံ၏ သာယာစင်ကြယ် ငြိမ်းချမ်းလှပသော နေ့ရက်တစ်ရက်။

"ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံဂိမှေ - နွေလများတွင် နွေဦးအစဖြစ်သော၊ ကောင်းစွာပွင့်သော၊ ခက်ဖျားစုံရှိသောတောအုပ်သည် အသရေရှိဘိသကဲ့သို့ နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ပိဋကတ်ကို နိဗ္ဗာနဓာတ်အမြတ်ဆုံးအကျိုးစီးပွားအလို့ငှာ" ဟူ၍ ရတနသုတ်၌ နွေရာသီ၏ အဦးအစ အလှနှင့်အဓိပ္ပာယ်ကို နိဗ္ဗာနဓာတ်တရားမြတ်နှင့် ရှုပကပြုထားပါသည်။

ထိုနေ့သည်ကား ရုရှား-မြန်မာဆက်ဆံရေးသမိုင်းစာမျက်နှာတွင် မှတ်တိုင်အသစ်တစ်ခုကို ထပ်မံစိုက်ထူလိုက်နိုင်သော နေ့တစ်နေ့ပင်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး အစပြုရာ နေ့ရက်ပင်ဖြစ်ပါ၏။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှင့်မိတ်ဖက်ဆောင်ရွက်မှုတို့မှာ နွေးထွေးမြဲ နွေးထွေးဆဲ၊ နီးကပ်မြဲ နီးကပ်နေဆဲပင်။ (၇၇)နှစ်တိုင် ကြာမြင့်ခဲ့ပြီဖြစ်သော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးထူထောင်နိုင်ခဲ့သည့် သမိုင်းကြောင်းတစ်လျှောက် ယခင်ကာလများကလည်း ယခုလို မှတ်တိုင်များ ရှိခဲ့ဖူးသည်။ အတိတ်တွင်လှပသောသမိုင်းပုံရိပ်များရှိခဲ့သလို မျက်မှောက်ကာလတွင်လည်း ယခုလိုမှတ်တိုင်အသစ်များ ထပ်မံစိုက်ထူနိုင်မှုမှာ ရိုးရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ထောက်မကူညီခဲ့မှုများအတွက် ပကတိအရှိတရားများဟု ဆိုရပါမည်။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင် ရုရှားအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခြင်းများကို နိုင်ငံတော်နှင့် ပြည်သူအကျိုးကိုရှေးရှု၍ မှန်ကန်သောရည်ရွယ်ချက်၊ ခိုင်မာသောသန္နိဋ္ဌာန်၊ ပြင်းပြထက်သန်သော လုံ့လဥဿာဟတို့ဖြင့် အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက မော်စကိုမြို့ မြန်မာထေရဝါဒဗုဒ္ဓစင်တာ သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တအစ္ဆရိယထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် မတ်လ ၃ ရက် နံနက်ပိုင်းတွင်အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်မှ စတင်ထွက်ခွာသည်။ ယင်းနေ့ ဒေသစံတော်ချိန် ညနေပိုင်းမှာပင် မော်စကိုမြို့ရှိ ဘနုကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။ မော်စကို၏ရာသီဥတုမှာ ဆောင်းနှောင်းကာလဟု ဆိုရပါမည်။ အအေးဓာတ်မှာ သိသိသာသာ လွန်ကဲပြင်းထန်ခြင်းမရှိဘဲ သင့်တင့်မျှတရုံမျှရှိ၏။ သို့သော်ငြား အပူချိန်မှာ မိမိတို့နိုင်ငံရာသီဥတုနှင့် အတန်ငယ်ခြားနားသဖြင့် အနွေးထည်ထူထူကြီးများ ဝတ်ထားကြသည်ကို တွေ့ရသည်။ နိုင်ငံတော်အကြီးအကဲနှင့် တကွ ကိုယ်စားလှယ်တော်ကြီးများမှာ နာရီပေါင်းများစွာ ခရီးနှင်ခဲ့ရသော်လည်း နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြမည်ဟူသောအားမာန်အပြည့်ဖြင့် လန်းဆန်းတက်ကြွနေသည်။

အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့အား ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Iskander Azizov နှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် မိုးကျော်တို့က နွေးထွေးလှိုက်လှဲစွာဆီးကြိုနေကြသည်။

လေယာဉ်ပေါ်မှအဆင်း အနီရောင်လျှောက်လမ်း၏ လက်ယာဘက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား အသင့်အနေအထားဖြင့် စောင့်ဆိုင်းလျက်ရှိသည်။

ယင်းမှာ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုနေခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲက အလေးပြုခံနေရာ၌ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူသည်။ ထိုသို့ဆောင်ရွက်နေစဉ် ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကိုတီးမှုတ်လျက် ဂုဏ်ပြုအလေးပြုသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုစဉ်။

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက အကြီးအကဲအား ရုရှားနိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။ အကြီးအကဲကလည်း မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးခြင်းဖြင့် နှစ်နိုင်ငံတာဝန်ရှိသူများအကြား အပြန်အလှန်နွေးထွေးမှုတို့ စတင်သန္ဓေတည်ခဲ့ကြသည်။

ထိုနေ့ညနေပိုင်းမှာပင် အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာသို့ သွားရောက်၍ ဆရာတော်ကို ဖူးမြော်ကြည်ညိုကြသည်။

အကြီးအကဲသည် သဒ္ဓမ္မဇောတိကသိမ်တော်အတွင်း၌ ကျောင်းထိုင်ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇဒေါက်တာဘဒ္ဒန္တအစ္ဆရိယအား ဖူးမြော်ကြည်ညိုပြီးသည်နှင့် ဘာသာ၊ သာသနာအပေါ် အလေးအမြတ်ပြု ဦးထိပ်ထားသူပီပီ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ သီတင်းသုံးနေထိုင်ရမှုနှင့်သွားလာရေးအခြေအနေများ၊ ထေရဝါဒဗုဒ္ဓစင်တာအတွက် လိုအပ်ချက်များ၊ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးနှင့် ပတ်သက်၍ သာသနာပြုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို မေးမြန်းလျှောက်ထားလေသည်။ လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန် စီမံဆောင်ရွက်ပေးသည်။

မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာမှာ ရုရှားနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ဂဏာဓိပတိ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တညာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာသာသနာပြုတက္ကသိုလ်၊ ပါမောက္ခ မဟာဌာနမှူး ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒတို့၏ ဩဝါဒကိုခံယူ၍ ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲနှင့် ဇနီးအားအမှူးထား၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ရုရှားနိုင်ငံတွင် ပညာတော်သင်ရောက်ရှိနေသည့် သင်တန်းသားမိသားစုများ၏ ပေါင်းစည်းညီညွတ်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် စတင်စီစဉ်ကာ ၂၀၁၅ ခုနှစ်တွင် ကျောင်းရေစက်ချအခမ်းအနားကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ထို့အတူပင် မြန်မာ့ထေရဝါဒဗုဒ္ဓဝိဟာရ၌ ရဟန်းရှင်လူများ စိတ်အေးချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ရန် သီတဂူဆရာတော်ကြီး၏ဩဝါဒကိုခံယူ၍

စာမျက်နှာ ၁၀ သို့ ➤

➤ စာမျက်နှာ ၉ မှအဆက်

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ရဟန်းရှင်လူပြည်သူများ၊ ရုရှားနိုင်ငံရောက်ပညာတော်သင် သင်တန်းသားအရာရှိများ စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် နိုင်ငံတော်အကြီးအကဲနှင့်အလှူရှင်များက ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခုအခါတွင် ရုရှားနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များသာမက အိမ်နီးချင်းနိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များအတွက်ပါ သာသနာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေးထားရသည့်နေရာတစ်ခုဖြစ်ကြောင်း ဝမ်းမြောက်ကြည်နူးဖွယ် သိရှိရသည်။

ခရီးစဉ်ပထမနေ့ရက်မှာပင် မိမိတို့အထွတ်အမြတ်ထားရာ ဘာသာတရား၏ အရိပ်အာဝါသကို ခိုလှုံလိုက်ရသဖြင့် ကိုယ်စားလှယ်တော်ကြီးများမှာ ရေခြားမြေခြားသို့ ရောက်ရှိနေလင့်ကစား စိတ်ဓာတ်ခွန်အားများ တိုးပွားလျက်ရှိသည်။ အချိန်မှာ ညဘက်သို့ ချဉ်းကပ်လာပြီဖြစ်ရာ အအေးဓာတ်ကအနည်းငယ်ပိုလွှမ်းလာသလိုခံစားရသည်။ အခန်းတွင် အပူချိန်ကမူ အနွေးပေးစက်များအစွမ်းဖြင့် သင့်တင့်ရုံမျှရှိနေသည်။

ယခုခရီးစဉ်မှာ သာမန်ထက်ပိုသည့် ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူအတွက် ကြီးလေးသော တာဝန်ဝတ္တရားများပါသည်ကို တွေ့ရသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသော ဆောင်ရွက်ချက်များပါသည်ကို တွေ့ရသည်။ ခရီးစဉ်တစ်လျှောက် တွေ့ဆုံဆွေးနွေးမှုများ၊ စာချုပ်ချုပ်ဆိုခြင်းနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းများ၊ တွေ့ဆုံဆွေးနွေးရာမှ ထွက်ပေါ်လာသော သဘောတူညီချက်များကို နှစ်နိုင်ငံ ပူးတွဲထုတ်ပြန်ကြေညာခြင်း စသည်ဖြင့် ကျယ်ပြန့်လေးနက်သော လုပ်ငန်းဆောင်တာများပါဝင်နေသည်။

ခရီးစဉ်၏ အတိမ်အနက်ကို တွေးဆကြည့်ရုံနှင့်ပင် အမိနိုင်ငံကို တိုးတက်ဖြစ်ထွန်းစေချင်သည့် မည်သူ့ကိုမဆို အားမာန်များ နိုးကြားတက်ကြွလာသည်အထိ ခံစားရစေမည်ဖြစ်သည်။

ခရီးစဉ်ဒုတိယနေ့တွင် ဆောင်ရွက်ဖွယ်ရာတို့မှာ နံနက်မှညတိုင်သည်အထိ များပြားလှစွာ အသင့်စောင့်ကြိုနေကြသည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တိုင်းကျိုးပြည်ကျိုး ရွက်သယ်ပိုးသည့်နေရာတွင် "စက္ကန့်လေးတွေ စိန်စီထားသည်"ဟု ဆိုရမတတ်ပင်အချိန်ကို တလေးတစား တန်ဖိုးထားကြပုံရသည်။ အိပ်စက်အနားယူချိန် ဖြစ်သော်လည်း နိုင်ငံတော်အကြီးအကဲနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများမှာ မိမိတို့အခန်းကဏ္ဍအလိုက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြလျက်ရှိသည်။ ခရီးစဉ်မစတင်မီကပင် ကြိုတင်ပြင်ဆင်ခဲ့ကြပြီးဖြစ်သော်လည်း အချိန်နှင့်အမျှ ပြောင်းလဲလာနိုင်သည့် အချို့အကြောင်းအရာများအတွက် မတိုင်မီကာလအထိ ပြင်ဆင်မှုကိုမလျော့ကြချေ။ ကောင်းသည်ထက်ကောင်းအောင်၊ ပြည့်စုံသည်ထက် ပြည့်စုံအောင် အားကြိုးမာန်တက် ဆောင်ရွက်ကြလျက်ရှိသည်။



အကြီးအကဲမှာ ခရီးစဉ်ပထမဆုံးနေ့မှာပင် အနားမယူနိုင်သေးဘဲ လုပ်ငန်းတာဝန်များ တရစပ်ဆောင်ရွက်နေသော်လည်း မောပန်းနွမ်းနယ်ဟန်မရှိ၊ ရွှင်လန်းတက်ကြွလျက်ရှိသည်ကို သတိပြုမိသည်။

ပန်းတိုင်သို့ချီရာလမ်းဝယ်အကြီးအကဲနှင့်တကွ သူ၏ကိုယ်စားလှယ်တော်ကြီးများမှာ အမိနိုင်ငံတော်အကျိုးအတွက် တစ်ရုံမလပ် စိတ်ကိုနှစ်၍ ရှေးရှုဆောင်ရွက်နေကြပုံမှာ ရှေ့သွားနောက်လိုက် ညီကြပါပေသည်။ သူတို့၏ အတွေးအာရုံထဲတွင် အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်ဟူသည့် တစ်ကြောင်းတည်းသော ရည်မှန်းချက်ကသာလျှင် အပြည့်အဝနေရာယူထားကြပုံရသည်။

ခရီးစဉ်၏ ပထမဆုံးသောနေ့ဟုဆိုသည့်တိုင်သည်သို့လျှင် ပညာ၊ သဒ္ဓါ၊ ဝီရိယ တည်းဟူသော အင်္ဂါရပ်သုံးတန်ဖြင့် အရှိန်အဟုန်ကောင်းစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများက အမိ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများလည်း ထွက်ပေါ်လာတော့မည်ကို ထင်ရှားစွာ ပြဆိုနေပါသတည်း။ ။

## အိမ်မြှောင် ရုပ်ရှင်ဇာတ်ကား Family Show ကျင်းပ




ရန်ကုန် မတ် ၉

မတ် ၁၄ ရက်တွင် ရုံတင်ပြသမည့် အိမ်မြှောင် ရုပ်ရှင်ဇာတ်ကား Family Show ကို မတ် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် မင်္ဂလာဂမုန်းပွင့်ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာသားညီက ပြောပြ၍ သိရသည်။

အိမ်မြှောင် ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်ညွှန်းကို မို့က ရေးသားထားပြီး ဒါရိုက်တာ သားညီက Weflex Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ရုပ်ရှင်ဇာတ်ကားသည် Weflex Production ၏ ပွဲဦးထွက်ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"အိမ်မြှောင်ဇာတ်ကားလေးက ကျွန်တော်နဲ့ Weflex ထုတ်လုပ်ရေးတို့ ပထမဆုံးပူးပေါင်းရိုက်ကူးတဲ့ ဇာတ်ကားလေးပါ။ ဒီဇာတ်ကားက သရဲဟာသကားပုံစံလေးကိုမှ ထူးခြားမှုလေးတွေ ပါပါတယ်။ အိမ်မြှောင်ဆိုတာက အိမ်တွေမှာ ကပ်မြှောင်နေတဲ့ ဝိညာဉ်တွေကို တင်စားပြီးတော့ အမည်ပေးထားတာပါ။ အားလုံးကို စိတ်တိုင်းကျပါတယ်။ တစ်ခုပဲ ကျွန်တော့်ကိုယ်ကျွန်တော်တော့ စိတ်တိုင်းမကျဘူးပေါ့။ ရိုက်ကူးခဲ့တာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကဆိုတော့ အခုနေပြန်ရိုက်ရင် ပိုပြီးစိတ်တိုင်းကျဖြစ်မလားဆိုတာမျိုးပေါ့။ ဒီဇာတ်ကားရိုက်တုန်းက သည်းထိတ်ရင်ဖိုဖြစ်ရပ်ကတစ်ခုပဲရှိတယ်။ အဲဒါက ကလေးသရုပ်ဆောင်ကို တန်းမှာဇောက်ထိုးချိတ်ဆွဲပြီးတော့ ရိုက်တဲ့အခန်းမှာ ကလေးက သရုပ်ဆောင်ရတာ ပင်ပန်းလို့ထင်တယ်။ ခဏလေးမေ့သွားတာ အားလုံးထိတ်ထိတ်ပျာပျာဖြစ်ကုန်တယ်။ အဲဒါတော့ အမှတ်တရပဲ"ဟု ဒါရိုက်တာသားညီက ပြောပြသည်။

အိမ်မြှောင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ကျော်ဗိုလ်၊ ဂျူကာ၊ ကေ ညီ၊ မိုးညို၊ ငှက်ပျောကြော်၊ ခင်လှိုင်၊ မေမြင့်မိုရ်၊ တက္ကသိုလ်ဝွမ်းပုံ၊ ထွန်းပုလဲ ရတနာ၊ အေမီစျာန်၊ ပွင့်၊ ကလေးသရုပ်ဆောင် ဇေရီဇော်နှင့်အခြား အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

## BRZRKR အက်ရှင်ဇာတ်ကား၌ ကမ္ဘာကျော်မင်းသား ကီနူးရီ ပါဝင်မည်

နယူးယောက် မတ် ၉

Netflix ရုပ်ရှင်ကုမ္ပဏီ၏ BRZ-RKR အက်ရှင်ဇာတ်ကား၌ ကမ္ဘာကျော်မင်းသား ကီနူးရီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၈ ရက် သတင်းများအရ သိရသည်။

BRZRKR ဇာတ်ကားသည် ခေတ်အဆက်ဆက် အသက်ရှင်သန်နေသောသူရဲကောင်းတစ်ဦးအကြောင်းကိုပုံဖော်ထားသည့်အမည်တူရုပ်ပြကာတွန်းများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

BRZRKR ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ဂျပ်စတင်းလင်းက ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

BRZRKR ရုပ်ရှင်ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မက်ဆန်တွမ်မလင်က ရေးသားပေးထားပြီး ဇာတ်ညွှန်းရေးဆရာ မက်ဆန်တွမ်မလင်သည် မာဗယ်၏ The Batman Part-II အတွက် ဝတ္ထုဇာတ်ညွှန်းရေးသားပေးခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Russia News

Trs : KKO



## တေးသံရှင် ကိုင်ဇာ၊ မေခလာတို့၏ တေးဂီတဖျော်ဖြေပွဲကို တာမွေမြို့နယ်ရှိ 225 Entertainment Lounge Bar တွင် ပြုလုပ်မည်

ရန်ကုန် မတ် ၉

တေးသံရှင် ကိုင်ဇာ၊ မေခလာတို့၏တေးဂီတဖျော်ဖြေပွဲကို မတ် ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ 225 Entertainment Lounge Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မေခလာက ပြောပြ၍ သိရသည်။

တေးသံရှင် ကိုင်ဇာ၊ မေခလာတို့၏ တေးဂီတဖျော်ဖြေပွဲသည် 225 Entertainment Lounge Bar ၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲလည်းဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Fly Machine Music Band က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"225 Entertainment Lounge Bar မှာ မတ် ၂၁ ရက် ညနေ ၆ နာရီမှာ တေးသံရှင် ကိုင်ဇာနဲ့အတူစတင်ဖျော်ဖြေပေးသွားမှာပါ။ ချစ်ငယ်တို့ဟိုးငယ်ငယ်တုန်းက သီဆိုခဲ့ကြတဲ့ စုံတွဲသီချင်းတွေ အများကြီးပြန်ဆိုပေးမှာပါ။ The Fly Machine Music Band ရဲ့ လက်စွမ်းပြတေးသံသာတွေလဲနားဆင်ရအုံးမှာမို့ ချစ်ငယ်ရဲ့ ပရိသတ်တွေကို ဖိတ်ခေါ်လိုက်ရပါတယ်"ဟု တေးသံရှင် မေခလာက ပြောပြ၍ သိရသည်။ ASH

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# High-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who has promoted friendship and cooperation with Russian Federation and Republic of Belarus in the nation's interest, accorded a rousing welcome by people



Senior General Min Aung Hlaing is being seen off at the Tolmachevo Airport in Novosibirsk, the Russian Federation.




Senior General Min Aung Hlaing is being welcomed back at the Nay Pyi Taw Tatmadaw Airport.

**Nay Pyi Taw March 9**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing after paying State Visits to Russian Federation at the invitation of President of Russian Federation H.E. Vladimir Vladimirovich Putin and to the Republic of Belarus at the invitation of President of Belarus H.E. Mr. Alexander Gregoryevich Lukashenko, left Tolmachevo Airport in Novosibirsk, Russian Federation and was seen off by Governor of Novosibirsk Mr. Travnikov Andrey Aleksandrovich, Myanmar Ambassador to Russian Federation U Thit Lin Ohn, the Myanmar consul general and officials.

Members of the goodwill delegation, Joint SAC Secretary General Ye Win Oo, SAC member General Nyo Saw, union ministers, U Than Swe, Admiral Moe Aung, Dr Kan Zaw, U Ko Ko Lwin, Dr Myo Thein Kyaw, Bago Region Chief Minister U Myo Swe Win, senior military officers from Office of Commander-in-Chief, deputy ministers, military and civilian officials, who accompanied the Senior General during the visits, also arrive back on the same flight.

During the visits to Russia and Belarus, the Senior General held talks with President of Russian Federation H.E. Vladimir Vladimirovich Putin, the speakers of parliaments, and officials of Russian government on sector-wise issues on 4 March and took part in Myanmar-Russia Business Forums. He also formally opened Myanmar Consulate Generals in Saint Petersburg and Novosibirsk.

The high-level Myanmar delegation signed agreements and MoUs on economic cooperation between the governments of Myanmar and Russia during the visit to Russia, and executed the task of cementing friendship and cooperation between the two countries.

During the visit to Belarus, the Senior General met President of Belarus H.E. Mr. Alexander Gregoryevich Lukashenko on 7 March, the speaker of National Assembly, and government official and discussed topics sector wise and delivered a speech at Myanmar-Belarus Business Forum. Moreover, agreements and MoUs on economic cooperation were signed between the two countries.

During the return trip, the Senior General answered the questions of the media persons on the special flight. The full text of the Q & A session is separately published.

The Myanmar goodwill delegation led by the Senior General arrived back in Nay Pyi Taw Tatmadaw Airport in the evening and was welcomed by Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC members, union ministers, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, and officials of Russian Embassy in Myanmar and Military Attache Office.

The Senior General and the Myanmar goodwill delegation left Nay Pyi Taw and visited Novosibirsk, Moscow, Saint Petersburg and Samara in Russia and Minsk in Belarus. The length of their to-and-fro journey in Russia and Belarus whose extreme temperatures were between minus 2 and minus 12 degree centigrade, was over ten thousand miles and during the journey they exerted efforts for progress of agriculture, economy, trade, academic studies between the two countries, and for generating opportunities for people-to-people and entrepreneur-to-entrepreneur cooperation in promoting tourism. In honour of their efforts and achievements, children of nationalities, band troupes, pom pom dance troupes, traditional dance troupes, artists, and local people accorded a rousing welcome to the Senior General and delegation by holding placards that read "Long live Russia-Myanmar friendship, further progress of multiple-sector strategic cooperation, warmly welcome Senior General Min Aung Hlaing for the efforts to further enhance Russia-Myanmar relations, may Russian and Myanmar join hands firmer, success for Myanmar-Russia cooperation, long live Belarus-Myanmar friendship, we warmly welcome Senior General Min Aung Hlaing who is striving for all-round development of Myanmar, we warmly welcome the Senior General and delegation for further strengthening Russia-Myanmar friendship" and waving miniature flags of the Republic of Union of Myanmar, Russian Federation and Republic of Belarus, chanting slogans "We wish health for Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who is striving for the benefit of race, language and religion, may Russia-Myanmar friendship and Belarus-Myanmar friendship live long and be stronger."



People accords a rousing welcome to Senior General Min Aung Hlaing.

At the airport, Leader of the Information Team of the State Administration Council Maj-Gen Zaw Min Tun, a member of the delegation, gave answers to the questions of the press. The Answers are separately published. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing formally inaugurates Consulate-General in Novosibirsk, delivers address to staff, families of Consulate-General, trainee officers


Senior General Min Aung Hlaing signs the Consulate-General's guest book.

**Nay Pyi Taw March 9**

The opening ceremony of the Consulate General in Novosibirsk, Russian Federation, took place this morning at the Grand Autograph Hotel. The event was attended by SAC Chairman,Prime Minister Senior General Min Aung Hlaing, as part of his official goodwill visit to Russia.

The ceremony was attended by the SAC Chairman Senior General Min Aung Hlaing, Joint Secretary of the Council General Ye Win Oo, Council Member General Nyo Saw, Union Ministers U Than Swe, Admiral Moe Aung, Dr Kan Zaw, U Ko Ko Lwin, Dr Myo Thein Kyaw, Bago Region Chief Minister U Myo Swe Win, and senior military officers from the Office of the Commander-in-Chief of the Defence Services, Myanmar Ambassador to the Russian Federation U Thit Lin Ohn, Deputy Ministers, Novosibirsk Region Governor Mr Travnikov Andrey Aleksandrovich, Russian Ambassador to Myanmar, members of the Novosibirsk City Government, the Myanmar Consulate General and officials from the Consulate General, trainee officers from Myanmar who are studying in Novosibirsk, and invited guests.

The ceremony began with the playing and salute of the National Anthems of the Republic of the Union of Myanmar and the Russian Federation.

Next, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe delivered the opening speech, highlighting the 77-year diplomatic ties between Myanmar and Russia. He emphasized that the establishment of the Myanmar Consulate General in Novosibirsk marks a historic milestone in bilateral relations. As a key economic, trade, scientific, technological, industrial, and financial hub in Russia's Asian region, Novosibirsk is the only Russian city with direct flights to Myanmar. The Consulate General was inaugurated to strengthen connections between Russian citizens in the Novosibirsk region and Myanmar, enhance mutual understanding, and provide consular services to the Myanmar community in the area.


Senior General Min Aung Hlaing greets families of the Consulate-General and trainee officers.


Senior General Min Aung Hlaing looks round in the Consulate-General.

Next, the Governor of the Novosibirsk region delivered a speech, expressing his delight at the opening of the Myanmar Consulate General in Novosibirsk. He emphasized that this milestone would create valuable opportunities for collaboration between his city and Myanmar. He also highlighted the signing of the Memorandum of Understanding to establish sister city relations between Mandalay and Novosibirsk as a significant step in strengthening bilateral cooperation. Committing to further enhancing ties with Myanmar, he extended his best wishes for the continued development and prosperity of both nations.

Then, the Mayor of Novosibirsk, Mr. Maksim Kudryavtsev, delivered a speech.

Then, the SAC Chairman Senior General Min Aung Hlaing, the Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, and the Governor of Novosibirsk Region, MrTravnikov Andrey Aleksandrovich, cut the ribbon to open the Consulate General.

Then, the Deputy Prime Minister and the Union Minister for Foreign Affairs presented gifts commemorating the opening of the Myanmar Consulate General to the SAC Chairman and the head of the Novosibirsk Region.

Then, the SAC Chairman and those attending the ceremony from both Myanmar and Russia took a group photo for documentation.

After that, the SAC Chairman arrived at the Myanmar Consulate General in Novosibirsk and was welcomed by the families of the Consulate General's staff. Then, the SAC Chairman sprinkled incense on the signboard of the Consulate General.

Following the ceremony, the SAC Chairman met with the families of the Consulate-General's staff and trainee officers currently undergoing training in Novosibirsk. During the discussion, the SAC Chairman emphasized the importance of strengthening friendship and cooperation between Myanmar and Novosibirsk, expressed a commitment to boosting trade relations, and outlined plans to send more scholars to study at universities in Novosibirsk. Additionally, the SAC Chairman inquired about the needs of the Consulate General's staff and trainee officers' families and took steps to address their concerns.

Then, the SAC Chairman presented food and stipends to the families of the Consulate General's staff and trainee officers.

Afterwards, the SAC Chairman signed the Consulate General's guest book and greeted the families of the Consulate-General and the trainee officers. 100

# Israel says to send delegation to Doha on Monday to advance Gaza ceasefire talks

**Jerusalem March 9**

Israel will send a delegation to Qatar's capital Doha on Monday to advance negotiations for renewing the ceasefire in Gaza and securing the release of Israeli hostages held by Hamas, according to a statement issued by the Israeli Prime Minister's Office on Saturday.

The statement said that Israel had accepted the invitation of the mediating countries, backed by the United States.

Earlier on Saturday, Hamas said there were positive signs regarding negotiations for the second phase of the ceasefire agreement in Gaza.

Xinhua

# SAC Chairman Prime Minister Senior General Min Aung Hlaing responds to media questions



Senior General Min Aung Hlaing responds to media questions.

**Nay Pyi Taw, March 9**

I paid official state goodwill visits to the Russian Federation and the Republic of Belarus at the invitation of President of the Russian Federation H.E. Vladimir Vladimirovich Putin and President of the Republic of Belarus H.E. Mr. Alexander Gregoryevich Lukashenko. It is extremely good for the country as they officially invited me and I was able to pay official state goodwill visits. Moreover, I managed to discuss bilateral cooperation comprehensively with both countries during the goodwill visits to the two countries, especially matters related to economic cooperation and the expansion of exchanges between the countries, especially of the tourism sectors. We were able to discuss matters related to education, science and technology, health, sports, culture, law enforcement and defence fields and the two countries fully accepted my clarification about political developments and changes. And I clarified the situation to hold a general election in Myanmar. Then, they expressed their support and said they would send their observer delegations to the upcoming general election. So much the better, we can build a lot of trust through the bilateral meetings. I can see that both the Russian Federation and the Republic of Belarus as well as their peoples take greater interest in Myanmar. It is a positive sign for us (the future country or the future of the country). And I told them I would hold a multi-party democracy election. I will do it staunchly. If a multi-party democracy system is really wanted, don't oppose but cooperate in it. If we do so, our country will achieve success. I dare say our country will surely achieve success. This is my perspective for the people. Let me say this. I believe that success will be achieved in everything. I wish all the people of Myanmar good health and ability to work towards development in everything. I would like to urge them all to cooperate if they believe in multi-party democracy. It is good for the country and thank you very much.

100

# Maj-Gen Zaw Min Tun, Head of SAC Information Team, addresses media

**Nay Pyi Taw March 9**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing was invited on a state-level goodwill visit to Russia and Belarus. The visit lasted for one week, from the 3rd to the 9th of this month. During the trip, we provided timely updates to the media, so the public is already aware of the activities and accomplishments. I won't elaborate further, but I want to highlight the key benefits for our nation. The benefits can be categorized into three areas: political, economic, and social. Politically, we secured strong assurances from Russia and Belarus regarding international relations. Both countries have historically supported Myanmar on the global stage and have reaffirmed their commitment to continue doing so. Secondly, regarding the upcoming elections in Myanmar, it is expected to be held no earlier than the last week of December and no later than the second week of January. Russia, Belarus, and other nations have expressed their support for the elections. Additionally, they have agreed to send observation teams to monitor the process. This is a positive development for our people, as we are committed to restoring the multi-party democracy system that the public desires. We will ensure its implementation without fail. Economically, both Russia and Belarus possess advanced technologies compared to Myanmar. As you know, Myanmar is an agriculture-based country transitioning towards industrialization. We have significant opportunities in this regard. Belarus, for instance, has a land area about one-third the size of Myanmar and is a landlocked country with a population of around 9.1 million. Despite its smaller agricultural land and challenging climate—with nighttime temperatures dropping to -3 or -4 degrees Celsius in some areas—Belarus generates nearly $9 billion in GDP from its agricultural sector alone. Given our favourable climate and abundant resources, there is no reason why Myanmar cannot achieve similar success. What we need is modern agricultural and livestock systems. We have signed agreements to address these needs, including the establishment of fertilizer factories in Myanmar with Russian and Chinese cooperation. Additionally, Myanmar has three strategically important deep-sea ports: Kyaukphyu, Thilawa, and Dawei. The Dawei deep-sea port project has been stalled for some time, but we have signed an MOU with Russia to resume its development. While Russia is the primary partner, we welcome participation from other countries as well. Socially, both Russia and Belarus excel in education and healthcare. We are working to improve these sectors in Myanmar as well. In summary, this visit has brought promising opportunities for Myanmar to advance towards the multi-party democracy system our people aspire to, ensuring national development and prosperity. It has been a fruitful journey for the progress of our nation.


Maj-Gen Zaw Min Tun speaks to the media.

Lae Ye Hlaing

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing Meets the Governor of the Novosibirsk Region


Senior General Min Aung Hlaing meets Governor of Novosibirsk Region Mr. Andrey Alexandrovich.

**Nay Pyi Taw March 9**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who is on an official goodwill visit to Novosibirsk, Russian Federation, met with the Governor of Novosibirsk Region, Mr. Andrey Alexandrovich, this morning (local time) at the conference hall of the Grand Autograph Hotel in Novosibirsk.

The meeting was attended by the Senior General, the Joint Secretary of the State Administration Council General Ye Win Oo, Council Member General Nyo Saw, Union Ministers, Myanmar Ambassador to the Russian Federation U Thit Lin Ohn, senior military officers from the Office of the Commander-in-Chief and officials. Also present were the Governor of the Novosibirsk Region, the Russian Ambassador to Myanmar, and officials from the Novosibirsk Regional Government.

During the meeting, both sides engaged in an open and friendly discussion on the progress of cooperation between Myanmar and the Novosibirsk Region. They highlighted ongoing bilateral tourism and trade activities and emphasized that continued collaboration would further strengthen ties between the two countries. The two sides also discussed Myanmar's academic trainees studying at universities in Novosibirsk, the direct flight connections between Novosibirsk and Mandalay, Myanmar, and the potential for expanding bilateral exports. They also discussed the potential establishment of Mandalay and Novosibirsk as Sister Cities, highlighting that this initiative could promote development in sectors such as health, education, culture, transportation, tourism, industry, economy, and commerce.

After the meeting, the Senior General and the Governor of Novosibirsk Region exchanged gifts and posed for a photograph.

100

From Page 15

## Statement of Deliverance Church (Yangon)
## 9 March 2025

A high-level goodwill delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid official State visits to the Russian Federation at the invitation of President Vladimir Putin and to the Republic of Belarus at the invitation of President Aleksandr Lukashenko, marking a new chapter in history to further strengthen Myanmar-Russia relations and achieve Myanmar's peace and economic development.

The Deliverance Church (Yangon) would like to express its special pride and joy for the contributions made to the interest of the Republic of the Union of Myanmar.

**Deliverance Church (Yangon)**

## Statement of Myanmar Comedians' Association
## 9 March 2025

Led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, a high-level goodwill delegation made official State visits to the Russian Federation at the invitation of President Vladimir Putin and to the Republic of Belarus at the invitation of President Aleksandr Lukashenko. During these visits, they engaged in discussions to bolster political, economic, and social cooperation, further solidifying the Myanmar-Russia partnership and alliance.

Myanmar Comedians' Association would like to express its special pride and joy for the contributions made to the interest of the Republic of the Union of Myanmar.

**Myanmar Comedians' Association**

## Statement of Union of Myanmar Methodist Church (Lower Myanmar)
## 9 March 2025

The Union of Myanmar Methodist Church (Lower Myanmar) is proud to announce that the high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing has achieved many outstanding benefits for Myanmar and its citizens during the official State visits to the Russian Federation at the invitation of President Vladimir Putin and to the Republic of Belarus at the invitation of President Aleksandr Lukashenko.

**Union of Myanmar Methodist Church (Lower Myanmar)**

## Statement of Faith Evangelical Church (Bago)
## 9 March 2025

Led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, a high-level goodwill delegation made official State visits to the Russian Federation at the invitation of President Vladimir Putin and to the Republic of Belarus at the invitation of President Aleksandr Lukashenko, where they met with top leaders in Russia, including the Russian president, strengthening and solidifying the ties between Russia and Myanmar.

Therefore, Faith Evangelical Church (Bago) is extremely proud of the historic achievements made for Myanmar and wishes the Head of State success in advancing the interests of the country and citizens.

**Faith Evangelical Church (Bago)**

## Statement of Myanmar Theatrical Association (Central)
## 9-3-2025

At the invitation of Russian Federation President Mr Vladimir Vladimirovich Putin and Belarus President Mr Aleksandr Lukashenko, the official State visits to the Russian Federation and Belarus were undertaken by the high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing. During the visits, the delegation achieved historic successes for the benefit of the nation and its people. The Myanmar Theatrical Association (Central) extends its congratulations and expresses deep satisfaction for these achievements. We wish for the further success of the country's responsibilities and the ongoing development of Myanmar.

**Myanmar Theatrical Association (Central)**

## Statement of All Ethnicities Unity and Service Association (Interim)
## 9-3-2025

As per the invitation of Russian Federation President Mr Vladimir Vladimirovich Putin and Belarus President Mr Aleksandr Gregoryevich Lukashenko, the official State visits led by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Min Aung Hlaing, to the Russian Federation and the Republic of Belarus have been undertaken. During this State visit, the high-level delegation, led by Senior General Min Aung Hlaing, engaged in discussions to further enhance the friendly relations and cooperation between the two countries across various sectors.

Throughout the official State visits, discussions held between the leaders of both nations have resulted in historic achievements. The All Ethnicities Unity and Service Association (Interim) congratulates and expresses deep satisfaction over these outcomes. We extend our wishes for further progress in the country's development and the social and economic betterment of the citizens of Myanmar.

**All Ethnicities Unity and Service Association (Interim)**

# Organizations issue statements praising SAC Chairman Prime Minister Senior General Min Aung Hlaing for his efforts in contributing to State sector-wise development

**Nay Pyi Taw March 9**

A high-level goodwill delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing paid official State visits to the Russian Federation at the invitation of President of the Russian Federation Vladimir Vladimirovich Putin and to the Republic of Belarus at the invitation of President of the Republic of Belarus Aleksandr Lukashenko on 3 March 2025 and could hold meetings to achieve positive results for Myanmar.

All Myanmar Hindu Central Council, Union of Myanmar Methodist Church (Lower Myanmar), Faith Evangelical Church (Bago), Deliverance Church (Yangon), Pinnaygone Yakhine Jaame Mosque, Buthidaung-Maungtaw Regional Development Association, Myanmar Theatrical Association (Central), Myanmar Comedians' Association, Myanmar Shiah Muslim Religious Association (central), Myanmar Sports Media Federation, All Ethnicities Unity and Service Association (Temporary), Myanmar Writers' Association and Myanmar MSME (Cluster) Slippers Enterprises Organization (Central) issued statements praising Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, for his efforts in contributing to the development and progress of various sectors in Myanmar.

100

## YMBA (Central)'s statement of delight

**9-3-2025**

At the invitation of Mr Vladimir Vladimirovich Putin, President of the Russian Federation and Mr Aleksandr Gregoryevich Lukashenko, President of Belarus, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing led a high-level delegation on official State visits to Russia and Belarus. During the visits, significantly historic successes were achieved in various sectors. We are greatly honoured and pleased by these accomplishments of the Myanmar goodwill delegation led by the Senior General. We hope these efforts contribute to the country's development and the socioeconomic progress of the citizens of Myanmar.

**Chairman**
**CEC and members of Nay Pyi Taw Council Area, Regions and State YMBAs**
**Young Men's Buddhist Association (YMBA) (Central)**

ALL MYANMAR HINDU CENTRAL COUNCIL

## Statement of All Myanmar Hindu Central Council

**9-3-2025**

The All Myanmar Hindu Central Council proudly expresses its appreciation for the official State visits of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing to the Russian Federation and the Republic of Belarus at the invitation of Russian President Mr Vladimir Vladimirovich Putin and Belarusian President Mr Aleksandr Lukashenko. During these visits, agreements were successfully signed to enhance bilateral cooperation, and trade between the two nations is expected to grow further. Believing that these developments will contribute to national peace, stability and progress, the council extends its congratulations.

**All Myanmar Hindu Central Council**

PINNAYGONE YAKHINE JAAME MOSQUE

## Statement of Pinnaygone Yakhine Jaame Mosque

**9-3-2025**

We are deeply honoured and pleased with the success achieved through the official State visits to the Russian Federation and Belarus, upon the invitation of President Mr Vladimir Vladimirovich Putin of Russia and President Mr Aleksandr Lukashenko of Belarus. During the visits, the high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing engaged in discussions to enhance cooperation across various sectors including economics, politics and social matters. These fruitful discussions have led to the further enhancement of alliance relations. In light of these historic successes, Pinnaygone Yakhine Jaame Mosque expresses our deep pride and joy, and we wholeheartedly support these historic achievements.

**Pinnaygone Yakhine Jaame Mosque**

## Expression of delight

**9-3-2025**

1. We are deeply honoured and thrilled by the historic successes achieved during the official State visits to the Russian Federation and Belarus, invited by President Mr Vladimir Vladimirovich Putin of Russia and President Mr Aleksandr Lukashenko of Belarus. During these visits, the high-level Myanmar delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing made significant achievements that we take great pride in.
2. This State goodwill visits have been of great benefit to the country and its citizens. We hope that these efforts will continue to foster further cooperation and lead to even greater success for Myanmar in the future.

**Myanmar Writers' Association**

Myanmar Sports Media

## Statement of Myanmar Sports Media Federation

**9-3-2025**

At the invitation of Russian Federation President Mr Vladimir Vladimirovich Putin and Belarusian President Mr Aleksandr Gregoryevich Lukashenko, the high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing successfully completed its goodwill visits. During the visit, the delegation successfully signed agreements to promote investments between Russia and Myanmar, as well as agreements on protection. The Myanmar Sports Media Federation expresses its heartfelt congratulations and deep satisfaction regarding these achievements.

**Myanmar Sports Media Federation**

## Statement of Myanmar MSME (Cluster) Slippers Enterprises Organization (Central)

**9-3-2025**

In accordance with the invitation extended by President of the Russian Federation Mr Vladimir Vladimirovich Putin and President of the Republic of Belarus Mr Aleksandr Gregoryevich Lukashenko, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing successfully held talks with Heads of State of Russia and Belarus, resulting in the signing of agreements to foster bilateral cooperation between the two countries.

With a significant increase in trade relations expected between the two nations, Myanmar is confident that this will bring substantial benefits for the nation's peace, stability and economic growth.

The Myanmar MSME (Cluster) Slippers Enterprises Organization (Central), its Chairman and Executive Members express their heartfelt congratulations and pride in these diplomatic achievements for these visits.

**Chair and EC members of Myanmar MSME (Cluster) Slippers Enterprises Organization (Central)**

## Statement of Buthidaung-Maungtaw Regional Development Association

**9 March 2025**

A high-level goodwill delegation, headed by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, undertook official State visits to the Russian Federation at the invitation of President Vladimir Putin and to the Republic of Belarus at the invitation of President Aleksandr Lukashenko. These visits led to the exchange of memoranda of understanding on cooperation between Myanmar and both Russia and Belarus, covering various sectors including sports, tourism, legal affairs, agriculture, and food safety.

The Buthidaung-Maungtaw Regional Development Association takes great pride and joy in recognizing the achievements made to the welfare of the Republic of the Union of Myanmar.

**Buthidaung-Maungtaw Regional Development Association**

MYANMAR SHIAH MUSLIM RELIGIOUS ORGANIZATION (CENTRE)

## Congratulatory Notes

**9 March 2025**

Myanmar Shiah Muslim Religious Organization (Centre) expresses deep appreciation for the achievements made during the official State visits of the high-level delegation led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who travelled to the Russian Federation and the Republic of Belarus at the special invitation of the President of the Russian Federation and the President of the Republic of Belarus. The organization acknowledges the discussions of the delegation to advance the interests of the nation and its people with positive outcomes.

**Myanmar Shiah Muslim Religious Organization (Centre)**

See Page 14



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေအလက်ဇန်ဒရိုဗစ်ချ်က သာမာရဲဗာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရဲဗာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင်လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကမ်ဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်နေစဉ်အတွင်း မတ် ၄ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်းအပါအဝင်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက်တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်း၊ မြန်မာ-ရုရှား စီးပွားရေးဖိုရမ်များသို့ တက်ရောက်ခြင်းများကိုဆောင်ရွက်ခြင်းတို့အပြင် စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်ခြင်းအခမ်းအနားများကို တက်ရောက်ဖွင့်လှစ်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။ မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည်ရုရှားနိုင်ငံခရီးစဉ်အတွင်း မြန်မာ-ရုရှားနှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည့်ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်စဉ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မတ် ၇ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H. E. Mr. Alexander Gregoryevich Lukashenko နှင့် တွေ့ဆုံဆွေးနွေးခြင်းအပါအဝင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်ကဏ္ဍအလိုက်တွေ့ဆုံဆွေးနွေးမှုများကိုဆောင်ရွက်ခြင်း၊မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်များသို့ တက်ရောက်အမှာစကားပြောကြားခြင်းများကိုဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာလာစဉ်အတွင်း ခရီးစဉ်တွင်လိုက်ပါခဲ့ကြသည့် မီဒီယာများ၏ မေးမြန်းမှုများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထူးလေယာဉ်ပေါ်တွင် ဖြေကြားခဲ့သည်။ **(ဖြေကြားမှုအပြည့်အစုံကို စာမျက်နှာ (၁၈)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ကို ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ရုရှားဖက်ဒရေရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၊ မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့၊ ဆာမားရားမြို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့များသို့သွားရောက်ခဲ့ပြီး မိမိတို့မြန်မာနိုင်ငံနှင့် ရာသီဥတုအနေအထားကွာဟချက်အရ အပူချိန်အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်(အေးခဲသော) အနေအထားအထိရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အသွားအပြန် မိုင်ပေါင်း တစ်သောင်းကျော်ခန့်အထိ သွားရောက်၍ နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ်အား ရာသီဥတုကြောင့် နှင်းများဖုံးလွှမ်းနေသည့်အတွက် လေဆိပ်မှမထွက်ခွာမီသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်စဉ်။

နေ့မအား၊ ညမနားဖြင့် နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ရိုးရာအကအလှအဖွဲ့များ၊ အနုပညာရှင်များ၊ ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ရိုးရာအကအလှအဖွဲ့များ၊အနုပညာရှင်များ၊ ဒေသခံပြည်သူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်ထိလည်းကောင်း၊ တပ်မတော်လေဆိပ်မှ အဝိုင်းနေရာထိလည်းကောင်း "ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ပါစေ၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ၊ ရုရှား-မြန်မာနှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါသည်၊ ရုရှား-မြန်မာ ချစ်ကြည်စွာတွဲလက်မြဲပါစေ၊ မြန်မာ-ရုရှား ပူးပေါင်းအား မုချအောင်မြင်ပါစေ၊ ဘယ်လာရုစ်-မြန်မာ ချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ၊ မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏၊ ရုရှား-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသော စာတန်းများပါရှိသည့် ဗီနိုင်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအလံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအလံငယ်များကို အသီးသီးကိုင်ဆောင်၍ နိုင်ငံတော်အလံများဝှေ့ယမ်းကာ **အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ၊ ရုရှား-မြန်မာချစ်ကြည်ရေး၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေးအခွန့်ရှည်တည်တံ့ပါစေ၊ ခိုင်မြဲပါစေခိုင်မြဲပါစေဟု ကြွေးကြော်**လျက် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းကလည်း မီဒီယာများ၏မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ **(ဖြေကြားမှုအပြည့်အစုံကို စာမျက်နှာ (၁၈)တွင် သီးခြားဖော်ပြထားပါသည်။)** (၅၀၁)






## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားချက်





“ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတကြီး H. E. Mr.Alexander Gregoryevich Lukashenko ဖိတ်ကြားချက်အရ ကျွန်တော်တရားဝင် ချစ်ကြည်ရေးခရီးသွားတာပါ။ သူတို့က တရားဝင်ဖိတ်တဲ့အတွက်ကြောင့် ကျွန်တော် တရားဝင်ချစ်ကြည်ရေးခရီးသွားနိုင်တာကတော့ နိုင်ငံအတွက် အင်မတန်ကောင်းတဲ့ဟာတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုက သွားတဲ့ခရီးစဉ် နှစ်နိုင်ငံလုံးမှာပဲ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နယ်ပယ်တွေ ကျယ်ပြန့်စွာဆွေးနွေးဆောင်ရွက်နိုင်ခဲ့တယ်။ အထူးသဖြင့် စီးပွားရေးနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်တဲ့ကိစ္စရပ်တွေပေါ့။ နောက်နှစ်နိုင်ငံ အပြန်အလှန် ကူးလူးသွားလာရေးအတွက် တိုးချဲ့ဖို့ဆိုတာ အထူးသဖြင့်တော့ ခရီးသွားကဏ္ဍတွေတိုးချဲ့ဆောင်ရွက်ရေးပေါ့ဗျာ။ နောက်တစ်ခုက ပညာရေး၊ နောက်သိပ္ပံနဲ့ နည်းပညာ၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ ဥပဒေ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်တွေ၊ ဒါတွေနယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့ဆွေးနွေးနိုင်ခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပျက်ပြောင်းလဲမှုအခြေအနေတွေ ရှင်းပြတာကို သူတို့နှစ်နိုင်ငံလုံးက ဒါကိုအားလုံးလက်ခံပါတယ်။ နောက် ကျွန်တော်ရွေးကောက်ပွဲလုပ်မယ့် အခြေအနေလည်း ကျွန်တော်ရှင်းပြတယ်။ ရှင်းပြတော့သူတို့ဒါကိုလည်းအားပေးထောက်ခံတဲ့အတွက်ကြောင့် သူတို့ဆီကကိုယ်စားလှယ်လွှတ်ပြီးတော့ လာပြီးတော့ရွေးကောက်ပွဲမှာအကဲလာပြီးကြည့်ပေးမယ့်အကြောင်းလည်း သူတို့ပြောတာရှိတယ်။ ပိုကောင်းတာကတော့ နှစ်ဦးနှစ်ဖက်ဒီတွေ့ဆုံခြင်းအားဖြင့် ယုံကြည်မှုတွေအများကြီးရခဲ့တယ်။ ရုရှားနိုင်ငံရော၊ ဘယ်လာရုစ်နိုင်ငံရော၊ သူတို့နိုင်ငံမှာရှိတဲ့ ပြည်သူတွေကရော မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်တစားနဲ့တော်တော်ဖြစ်လာတာကို ကျွန်တော်တွေ့တယ်ဗျ။ ဒါဟာ ကျွန်တော်တို့အတွက် (နောက်အနာဂတ်နိုင်ငံအတွက်) (နောင်နိုင်ငံတော်အနာဂတ်အတွက်လည်း) ကောင်းတဲ့လက္ခဏာတစ်ခုပေါ့ဗျာ။ နောက်တစ်ခုကလည်း ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲလုပ်မယ်လို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ဒါကိုကျွန်တော်တို့ ခိုင်ခိုင်မာမာလုပ်မှာပါ။ ပါတီစုံဒီမိုကရေစီစနစ်ကို တကယ်လိုချင်လို့ရှိရင် ကဏ္ဍကောစလုပ်မနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပဲလိုပါတယ်။ အဲ့ဒါလုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံ မုချအောင်မြင်ရမယ်ဗျ။ မုချအောင်မြင်ရမယ် ကျွန်တော်ဒါကိုပြောရဲပါတယ်။ ပြည်သူတွေကို ကျွန်တော်ဒါလေးတော့ ကျွန်တော့်ဘက်ကသဘောထားပေါ့ဗျာ။ ကျွန်တော်ဒါကို ပြောပါရစေ။ အားလုံး အစစအရာရာအောင်မြင်မယ်လို့လည်း ကျွန်တော်ယုံကြည်ပါတယ်ဗျာ။ ပြည်သူအများလည်း အားလုံး ကျန်းမာချမ်းသာကြပါစေ။ နောက်အစစအရာရာ တိုးတက်အောင်လုပ်နိုင်ကြပါစေလို့လည်း ကျွန်တော် ဆုမွန်ကောင်းတောင်းပါတယ်။ ပါတီစုံဒီမိုကရေစီကို ယုံကြည်တယ်ဆိုလို့ရှိရင် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါလို့လည်း ကျွန်တော်ပြောလိုပါတယ်ဗျာ။ ကောင်းပါတယ်ဗျာ ကျေးဇူးအများကြီးတင်ပါတယ်။”

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအား ဖြေကြားချက်





“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံက နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးဖိတ်ခေါ်ချက်အရ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံကို ဒီလ ၃ ရက်ကနေ ဒီနေ့ ၉ ရက်နေ့ထိတစ်ပတ်ကြာခရီးသွားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့သတင်းတွေကိုအချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ခဲ့တဲ့အတွက် မီဒီယာအားလုံးလည်းဘာတွေဆောင်ရွက်ခဲ့တယ်၊ဘာတွေလုပ်ဆောင်ခဲ့တယ်ဆိုတာသိပြီးသားဖြစ်မှာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်အကျယ်ချဲ့မပြောချင်တော့ဘူး။ အဓိကကတော့ နိုင်ငံ့အတွက်ဘာအကျိုးအမြတ်ရှိခဲ့လည်းဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ဘာတွေရှိခဲ့လည်းဆိုတော့ နံပါတ်တစ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုတဲ့ကဏ္ဍသုံးရပ်အနေနဲ့ကျွန်တော်ခွဲပြောမှာဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး ကျွန်တော် တို့အနေနဲ့ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနိုင်ငံရေးနဲ့ ပတ်သက်ပြီး အာမခံချက်ရခဲ့တာက ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ယခင်ကတည်းက နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံဘက်ကရပ်တည်ခဲ့တာဖြစ်တယ်။ အခုလည်း ဆက်လက်ရပ်တည်သွားမယ်ဆိုတဲ့ ခိုင်ခိုင်မာမာ အာမခံချက်ရရှိခဲ့တယ်။ နံပါတ်နှစ်အချက်က ကျွန်တော် မြန်မာနိုင်ငံမှာ အားလုံးသိတဲ့အတိုင်းပဲ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ အစောဆုံးသည် ဒီဇင်ဘာလနောက်ဆုံးပတ်၊ နောက်အကျဆုံးက ဇန်နဝါရီလ ဒုတိယပတ်လောက်မှာဖြစ်မယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေအပြင် ကျန်တဲ့ နိုင်ငံတကာတွေက ထောက်ခံပေးပါတယ်။ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ထဲထဲဝင်ဝင် ဝင်ရောက်ထောက်ခံပေးတဲ့အပြင် လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေလည်းလွှတ်ပေးမယ်ဆိုတဲ့ ခံယူချက်မျိုးရရှိခဲ့တယ်။ ပြည်သူတွေအနေနဲ့ ဝမ်းသာစရာက ကျွန်တော်တို့သည် ပြည်သူတွေလိုလားတောင့်တခဲ့တဲ့ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေပြန်သွားမယ်။ မလွဲမသွေဆောင်ရွက်ပေးမယ်။ ဒါသည် အောင်မြင်ခဲ့တဲ့ နိုင်ငံရေးနဲ့ ပတ်သက်တာဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍနဲ့ပတ်သက်ရင် ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့သည် ကျွန်တော်တို့နိုင်ငံထက် နည်းပညာမြင့်မားတာတွေရှိတယ်။ ကျွန်တော်တို့ ခင်ဗျားတို့သိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံတဲ့ စက်မှုစီးပွားကိုသွားမယ့်နိုင်ငံလို့သတ်မှတ်ထားတယ်။ ဒီလိုမျိုးလုပ်နိုင်ဖို့ ကျွန်တော်တို့မှာအခွင့်အလမ်းကောင်းတွေရှိတယ်။ ရုရှားလိုနိုင်ငံမျိုးနဲ့မပြောသေးဘူး။ မြန်မာရဲ့ အကျယ်အဝန်းထက် ဘယ်လာရုစ်နိုင်ငံသည် သုံးပုံတစ်ပုံလောက်ပဲကျယ်ဝန်းတယ်။ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တယ်။ ဒါ့ပြင် ဘယ်လာရုစ်နိုင်ငံက လူဦးရေအများဆုံး ၉ ဒသမ ၁ သန်းပဲရှိတယ်။ သို့သော် သူရဲ့ စိုက်ပျိုးရေးကဏ္ဍတစ်ခုထဲကနေရရှိတဲ့ GDP က ကိုးဘီလီယံနီးပါးထိရရှိတယ်။ အဲဒီမှာ ကြည့်လိုက်တော့ သူသည်လယ်ယာစိုက်ပျိုးမှုရေိယာက မြန်မာနိုင်ငံထက်နည်းတယ်။ ဒါ့ပြင် ကန့်သတ်ချက်တွေလည်း ရှိပါတယ်။ အခုချိန်မှာဘယ်လာရုစ်နိုင်ငံရဲ့ ရာသီဥတုက ညပိုင်းမှာဆိုရင် အနုတ် ၂ ဒီဂရီစင်တီဂရိတ်မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်လောက်ရှိတယ်။ တချို့နေရာတွေမှာလည်းအမြဲတမ်းအေးနေတယ်။ စိုက်ပျိုးဖို့အတွက် မြေကန့်သတ်ချက်၊ ရာသီဥတုကန့်သတ်ချက်တွေရှိတယ်။ ဒီလိုမျိုးနိုင်ငံတောင်ဖြစ်ထွန်းရင် ကျွန်တော်တို့လို ရေ၊ မြေ၊ရာသီဥတုကောင်းမွန်တဲ့နိုင်ငံကမဖြစ်ထွန်းစရာအကြောင်းမရှိပါဘူး။ လိုအပ်နေတာကခေတ်မီတဲ့စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်တယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့သဘောတူစာချုပ်တွေချုပ်ဆိုခဲ့တာရှိတယ်။ ခေတ်မီတဲ့စိုက်ပျိုးမွေးမြူရေးစနစ်က လိုအပ်ချက်တွေအများကြီးရှိပါတယ်။ ကျွန်တော်တို့တောင်သူလယ်သမားတွေရဲ့လိုအပ်နေတဲ့ ဓာတ်မြေဩဇာလိုအပ်ချက်တွေ၊ ဒီဓာတ်မြေဩဇာလိုအပ်ချက်တွေကိုဖြည့်ဆည်းပေးနိုင်အောင်ဆောင်ရွက်လျက်ရှိတယ်။ စာချုပ်တွေချုပ်ဆိုခဲ့တာရှိတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာနဲ့ပတ်သက်ပြီး လိုအပ်ချက်ဆိုရင် မြန်မာနိုင်ငံမှာစက်ရုံတည်ဖို့ ဖိတ်ခေါ်ခဲ့တာရှိတယ်။ ဒါ့ပြင် တရုတ်နိုင်ငံနဲ့လည်း ဓာတ်မြေဩဇာစက်ရုံတည်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့ပြင် မြန်မာနိုင်ငံမှာအဓိကအရေးပါတဲ့ စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကြီး သုံးခုရှိတယ်။ ကျောက်ဖြူ၊ သီလဝါ၊ ထားဝယ်ဆိုတဲ့ ရေနက်ဆိပ်ကမ်းတို့ဖြစ်တယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းက ရပ်ဆိုင်းနေတာကြာပါပြီ။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းကိုလည်း ရုရှားနိုင်ငံနဲ့ ဆောင်ရွက်နိုင်ဖို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့တယ်။ ဒါပေမဲ့ ရုရှားနိုင်ငံနဲ့အဓိကထားဆောင်ရွက်သော်လည်း ဘယ်နိုင်ငံမဆိုလည်း ဒီနေရာမှာပါဝင်လို့ရပါတယ်။ လုပ်ဆောင်နိုင်ဖို့ ဖိတ်ခေါ်တယ်လို့ ကျွန်တော်တို့အနေနဲ့ ပြောချင်ပါတယ်။ နောက်တစ်ခုကလူမှုရေးဖြစ်တယ်။ လူမှုရေးကဏ္ဍ ပညာရေး၊ ကျန်းမာရေးမှာ သူတို့နိုင်ငံကမြင့်မားကြတယ်။ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာ တိုးတက်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီခရီးစဉ်တစ်ခုလုံးကို အနှစ်ချုပ်ပြီးပြောရရင် ကျွန်တော် မြန်မာနိုင်ငံရဲ့ ပြည်သူတွေမျှော်မှန်းနေတဲ့ ကျွန်တော်တို့ လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်သွားနိုင်ဖို့၊ ပြန်လုပ်နိုင်ဖို့၊ ပြန်ဆောင်ရွက်နိုင်ဖို့၊ ပြန်ပြီးအောင်မြင်နိုင်ဖို့ တိုင်းပြည်တစ်ပြည်လုံး ပိုပြီးဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့အတွက် ဒါအလားအလာကောင်းတွေကိုဆောင်ကြဉ်းနိုင်ခဲ့တဲ့ခရီးစဉ်ဖြစ်တယ်လို့ပြောချင်ပါတယ်။”

**အိမ်ပြင်ပဒ္ဓထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်ထံ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး၊ နိုဗိုစီဗစ်မြို့အစိုးရအဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ နိုဗိုစီဗစ်မြို့တွင် သွားရောက်ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား အရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်၍ အလေးပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေး ၇၇ နှစ် ကြာရှိခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ နိုဗိုစီဗစ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ အာရှတိုက်ဘက်အခြမ်းတွင်ရှိသည့် အဓိကစီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စက်မှုနှင့် ငွေကြေးဆိုင်ရာ ဗဟိုချက်ဖြစ်သည့် နိုဗိုစီဗစ်မြို့သည် မြန်မာနိုင်ငံနှင့် တိုက်ရိုက်လေကြောင်း ပြေးဆွဲလျက်ရှိသည့် တစ်ခုတည်းသော ရုရှားနိုင်ငံမှ မြို့တစ်မြို့ဖြစ်ကြောင်း၊ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို နိုဗိုစီဗစ်ဒေသတွင် နေထိုင်ကြသည့် ရုရှားနိုင်ငံသားများအတွက် မြန်မာနိုင်ငံနှင့် ချိတ်ဆက်ပေါင်းကူးရန်၊ နှစ်နိုင်ငံအကြား နားလည်မှုမြှင့်တင်ရန်၊ နိုဗိုစီဗစ်ဒေသဝန်းကျင်ရှိ မြန်မာအသိုင်းအဝိုင်းကို ကူညီစောင့်ရှောက်ပြီး ကောင်စစ်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုဗိုစီဗစ်မြို့၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ခြင်းအတွက် လွန်စွာဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းကြောင့် မိမိတို့မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးနှင့် နိုဗိုစီဗစ်မြို့အကြား ညီအစ်မမြို့အဖြစ် ထူထောင်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုသည်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှု၏ ပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်၍ ကြွယ်ဝချမ်းသာမှုများ ရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုဗိုစီဗစ်မြို့တော်ဝန် မစ္စတာ မက်စ်စင်းမ် ဂီရာဂီရာယဗစ်ချ်ကူဒရာ့ဆက်ဗ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့က ကောင်စစ်ဝန်ချုပ်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



နိုဗိုစီဗစ်မြို့တော်ဝန် မစ္စတာ မက်စ်စင်းမ်ဂီရာဂီရာယဗစ်ချ်ကူဒရာ့ဆက်ဗ် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသအကြီးအကဲတို့ကို ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှား နှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ရောက်ရှိရာ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်းဘုတ်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။


၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် နိုဗိုစီဗစ်မြို့တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိများကို တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်မှု၊ ကုန်သွယ်မှုများ တိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုမှု၊

စာမျက်နှာ ၂၀ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့တွင် တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်နှင့် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့ Grand Autograph ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာနိုင်မှု၊ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားအရာရှိများ နိုဗိုစီဗစ်မြို့ရှိ တက္ကသိုလ်များ၌ တက်ရောက် ပညာသင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် မန္တလေးမြို့တို့ကို တိုက်ရိုက်လေကြောင်းပြေးဆွဲလျက်ရှိမှု၊ ထုတ်ကုန်များ အပြန်အလှန်တင်ပို့နိုင်မှု၊ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့ကို Sister City များအဖြစ် ဆောင်ရွက်မည်ဆိုပါက ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် နိုဗိုစီဗစ်မြို့တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

နိုဗိုစီဗစ်မြို့ရှိ တက္ကသိုလ်များ၌ ပညာတော်သင်များ ပညာသင်ကြားနိုင်ရေးအတွက် ထပ်မံစေလွှတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုများနှင့် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ် ၃ ရက်တွင် သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မြန်မာနိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)၊မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ့ရိုးရာအာယုဗ္ဗေဒဆိုင်ရာ ... ဘာသာရေးအဖွဲ့(ဗဟို)၊မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(ယာယီ)၊မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်တို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်
နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး
YMBA အသင်းသူ၊ အသင်းသားများ
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)

## ယုံကြည်ခြင်းဧဝံဂေလိအသင်းတော် (ပဲခူး) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H. E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ရုရှားသမ္မတကြီးအပါအဝင် ရုရှားနိုင်ငံရှိ အဆင့်မြင့်ခေါင်းဆောင်ကြီးများအားလုံးနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည့်အပြင် ရုရှား-မြန်မာ နှစ်နိုင်ငံပိုမိုယုံကြည်စိတ်ချရသည့် ရင်းနှီးသော မိတ်ဆွေကောင်းနိုင်ငံများအဖြစ် တည်ဆောက်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ဆတက်ထမ်းပိုးတို့၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)က ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေး ခရီးစဉ်အတွင်း စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ မြန်မာ-ရုရှား ပိုမိုကောင်းမွန်သည့် မဟာမိတ်ဆက်ဆံရေးကို ဖန်တီးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပိန္နဲကုန်းရခိုင်ဂျာမေဗလီက သဘောထား ထုတ်ပြန်အပ်ပါသည်။

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr.Alexander Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးသွားရောက်သည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့်နိုင်ငံသူ၊နိုင်ငံသားများအတွက် ထူးခြားကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို များစွာရယူနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်) ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မာစေရေး၊ ပိုမိုတည်မြဲစေရေး သမိုင်းကဏ္ဍအသစ်ကို ဖွင့်လှစ်နိုင်ခဲ့သလို မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်များကို များစွာနှစ်ထောင်းအားရဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက သဘောထားထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ်မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့်အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများလဲလှယ်နိုင်ခဲ့မှုအပေါ် ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍပေါင်းစုံတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့ပြင် မြန်မာ-ရုရှား မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေးတို့ကို ခိုင်မာသည့်ဆက်ဆံရေးအဖြစ် ဖန်တီးနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ မြန်မာ-ရုရှား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်များကို များစွာနှစ်ထောင်းအားရဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Lukashenko တို့၏ ဖိတ်ကြားခဲ့မှုဖြင့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂။ အဆိုပါချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုသည့်အတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ဂုဏ်ပြုဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr.Alexander Lukashenko တို့၏ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာ ရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီးနှင့်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် မြန်မာ ရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြောင်း သဘောထားကြေညာအပ်ပါသည်။

**မြန်မာ ရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)**

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H.E.Mr.Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်(Official State Visit) တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများက ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(ယာယီ)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏အေးချမ်းသာယာရေး၊တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟုယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster)ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster)**
**ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်**
**အလုပ်အမှုဆောင်အဖွဲ့ဝင်များ**

# မသေသွေးသောသစ္စာနှင့် မပြယ်သောမေတ္တာ

ညိုမောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တိုင်းရင်းသား၊ တိုင်းရင်းသူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေး ခရီးစဉ်မှာ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်မှ ၉ ရက်အထိ ကြာမြင့်ခဲ့သည်။ ခရီးစဉ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှုများမှာ နိုင်ငံတော်အတွက် အကျိုးကျေးဇူးကြီးမားလှသည်။ ကာလအားဖြင့် ရက်သတ္တပတ်မျှသာ ကြာမြင့်ခဲ့သောထိုခရီးစဉ်မှာ နိုင်ငံတော်အတွက် မှတ်တမ်း၊ မှတ်တိုင်၊ မော်ကွန်းတင်ထိုက်သည့် ခရီးစဉ်တစ်ခုအဖြစ်တည်ရှိနေမည်ဖြစ်သည်။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံတော်နှင့်ပြည်သူအကျိုးကိုရှေးရှု၍ မုန်ကန်သောရည်ရွယ်ချက်၊ ခိုင်မာသောသန္နိဋ္ဌာန်၊ ပြင်းပြထက်သန်သောလုံ့လဥဿာဟတို့ဖြင့် အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

ဖိတ်ကြားခဲ့သည့် အိမ်ရှင်နိုင်ငံတို့သည် နိုင်ငံတော်အကြီးအကဲအား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ကော်ဇောနီခင်း၍ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ကြသည်မှာလည်း ဂုဏ်ယူဖွယ်ရာဖြစ်သည်။

တိုတောင်းလှသော ခရီးစဉ်အတွင်းမှာပင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Andrei Removich နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool အား လက်ခံတွေ့ဆုံခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာမီးကီယာပြည်နယ်အကြီးအကဲ H.E.Mr. Batu KHASIKOV နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံခြင်း၊ စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း၊ နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များပူးတွဲထုတ်ပြန်ခြင်း၊ ဆာမားရာမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်းသို့သွားရောက်လေ့လာခြင်းကို နိုင်ငံနှင့်ပြည်သူအကျိုးအတွက် ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်သည်အထိ ဆောင်ရွက်ခဲ့သည်။

ထိုတွေ့ဆုံမှုများမှတစ်ဆင့် နှစ်နိုင်ငံရောင်ခြည်ဘေးအန္တရာယ်ကင်းရှင်းရေး စည်းမျဉ်းဥပဒေနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများ၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဆိုင်ရာ စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ပြင်ပအာကာသစူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(မူကြမ်း) အပေါ်ဆွေးနွေးညှိနှိုင်းမှုအောင်မြင်စွာ ပြီးမြောက်ခြင်းနှင့်စပ်လျဉ်းသည့် ပူးတွဲကြေညာချက်တို့ကို ထုတ်ပြန်နိုင်ခဲ့သည်။

ထို့အတူ ရုရှား-အာဆီယံ စီးပွားရေးကော်မရှင်ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်အဖွဲ့ကို လက်ခံတွေ့ဆုံ၍ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာသင်ကြားရေးကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် အခြားကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေးပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တိုင်းရင်းသား၊ တိုင်းရင်းသူများက သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

နှစ်နိုင်ငံအကြား ပညာရေးအရည်အချင်းသတ်မှတ်ချက်နှင့် ပညာရပ်ဆိုင်ရာဘွဲ့၊ ဒီဂရီများ အပြန်အလှန်အသိအမှတ်ပြုရေးဆိုင်ရာ သဘောတူစာချုပ်၊ အကောက်အခွန်ဆိုင်ရာ သဘောတူညီချက်များ၊ ကျန်းမာရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းစာချွန်လွှာများ၊ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရာတွင် နျူကလီးယားနှင့် ဓာတ်မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဖရဲသီး၊ သရက်သီး စသည့် သီးနှံများကို ရုရှားနိုင်ငံသို့ တင်ပို့နိုင်သည့်အခြေအနေများ၊ စွန့်ပစ်အမှိုက်များကို Recycle ဖြင့် ပြန်လည်အသုံးပြုနိုင်ရေးကိစ္စရပ်များ၊ အာကာသနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများကို ထိထိရောက်ရောက်ဆွေးနွေးနိုင်ခဲ့သည်။ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်သို့တက်ရောက်ပြီး နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ အလုပ်အကိုင်နှင့် အခွင့်အလမ်းများကို လမ်းဖွင့်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ခရီးစဉ်အတွင်း မအားလပ်သောလုပ်ငန်းတာဝန်များအကြားမှပင် အချိန်ကိုမရရအောင်ကြံဆထုတ်နုတ်၍ **စာမျက်နှာ ၂၄ သို့**

**စာမျက်နှာ ၂၃ မှအဆက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ရှိ ပညာတော်သင်ကျောင်းသားများကို တွေ့ဆုံအားပေးခဲ့သည်။ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။ အလားတူ သံရုံး၊ စစ်သံရုံး မိသားစုများကိုလည်း နွေးနွေးထွေးထွေးသွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။ အကြီးအကဲကိုယ်တိုင်က လုံ့လ၊ ဝီရိယစိုက်ထုတ်၍ အလေးထားချီးမြှင့်ခြင်းဖြစ်သဖြင့် ပညာတော်သင်များနှင့် မိသားစုဝင်များအဖို့ ရေခြားမြေခြား၌ စိတ်ဓာတ်ခွန်အားများ မြင့်မားတိုးတက်လာကြမည်မှာ ဧကန်ဖြစ်သည်။

ခရီးစဉ်အတွင်းမှာပင် နှစ်နိုင်ငံဆက်ဆံရေးပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့နှင့်နိုဗိုစီဗစ်မြို့တို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးနှစ်ခုကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်ကပင် အပြန်အလှန် တည်ဆောက်ထားနိုင်ခဲ့သည်။ ယနေ့တိုင် နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်းဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်း ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများ တိုးမြှင့်ခိုင်မာလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် ဘယ်လာရုစ်နိုင်ငံ၌ နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ်အတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko နှင့်တွေ့ဆုံဆွေးနွေးခြင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်း၊ နှစ်နိုင်ငံသဘောတူညီချက်များ ပူးတွဲထုတ်ပြန်ကြေညာခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ သိပ္ပံနှင့် ခေတ်မီပညာရပ်များလေ့လာနိုင်စေရန်အတွက် ပညာသင်ကျောင်းသားများစေလွှတ်နိုင်ရေးအစရှိသည့် ဆွေးနွေးညှိနှိုင်းမှုများကို အစပြုနိုင်ခဲ့ပြီဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်မှာ အမိနိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေးအစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးနိုင်ခဲ့သည့် ဘက်စုံအောင်မြင်သော ခရီးစဉ်တစ်ခုဟုဆိုရပါမည်။

ထိုသို့ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော် (ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော် (ရန်ကုန်)၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာရှီအာယ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်အစရှိသော အဖွဲ့အစည်းအသီးသီးတို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများကို ကိုယ်စီကိုယ်စီထုတ်ပြန်ကြေညာခဲ့ကြသည်မှာ ဦးဆောင်သူနိုင်ငံ့ခေါင်းဆောင်နှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အမိနိုင်ငံအပေါ်ထားရှိအပ်သည့် ကောင်းမြတ်သော စိတ်စေတနာများ တစ်သားတည်းတစ်ထပ်တည်းဖြစ်ကြောင်းပြဆိုနေခြင်းပင်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိချိန်မှာ မြန်မာစံတော်ချိန် ညနေပိုင်းအချိန်ဖြစ်သည်။ ညနေခင်းလေပြည်သည် အေးမြသောအသွင်ကိုဆောင်လျက် တသုန်သုန်ဆော်သွေးတိုက်ခတ်နေသည်။ "တပေါင်းသာခေါင်လများနောင်" ဆိုသည့်အတိုင်း ဝန်းကျင်တစ်ခွင်မှာ အေးမြခြင်း၊ သာယာခြင်း၊ ငြိမ်းချမ်းခြင်း၊ ကြည်လင်ခြင်းတို့ဖြင့်အတိပြီးကာ အကြီးအကဲ၏ ခရီးစဉ်ကို နွေးထွေးစွာဆီးကြိုနေဘိသို့ တင့်တယ်သောအသွင်ကို ဆောင်လျက်ရှိသည်။

နေပြည်တော် တပ်မတော်လေဆိပ်သို့ အထူးလေယာဉ်ဆင်းသက်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှတာဝန်ရှိသူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

တိုင်းရင်းသားရိုးရာ အကအလှအဖွဲ့များကလည်း ပျော်ရွှင်ဝမ်းမြောက်စွာ တီးမှုတ်ကခုန်၍ ဂုဏ်ပြုကြိုဆိုကြသည်။ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်ပြန်လည်ရောက်ရှိမှုကို ဝမ်းပန်းတသာကြိုဆိုနှုတ်ဆက်ကြခြင်းပင်ဖြစ်သည်။ အမိအဖသဖွယ်ဖြစ်သော နိုင်ငံ့ခေါင်းဆောင်အပေါ် သူတို့တစ်တွေ၏ ယုံကြည်ကိုးစားမှုနှင့် အားပေးထောက်ခံမှုကို တစ်ခဲနက်ပြသကြခြင်းလည်းဖြစ်သည်။

ပြည်သူတို့သည် ခရီးစဉ်တစ်လျှောက် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တိုင်းပြည်နှင့်လူမျိုးအကျိုးကိုရှေးရှုသည့် တွေ့ဆုံဆွေးနွေးမှုများနှင့် ကြိုးပမ်းအားထုတ်မှုများကို ကောင်းစွာသိမြင်နားလည်ထားကြပြီးဖြစ်သည်။ ဤသို့သော အကြောင်းရင်းခံများကြောင့်ပင် သူတို့ကိုယ်တိုင်၏ ရင်တွင်းစိတ်ဆန္ဒအခံဖြင့် ယခုလိုလာရောက် ကြိုဆိုကြခြင်းဖြစ်သည်။ ကြိုဆိုသူတိုင်း၏လက်ဝယ်တွင် မြန်မာနိုင်ငံအလံ၊ ရုရှားနိုင်ငံအလံနှင့် ဘယ်လာရုစ်နိုင်ငံအလံငယ်လေးများမှာ အေးမြသောလေပြည်နှင့်အတူ တလူလူတဖျပ်ဖျပ် လွင့်မြူးလျက်ရှိနေကြသည်။

**"ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ပါစေ၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍအလိုက် တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ၊ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင်ဆောင်ရွက်ခဲ့သည့် နစက ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါသည်။ ရုရှားမြန်မာ ချစ်ကြည်စွာတွဲလက်မြဲပါစေ၊ မြန်မာ-ရုရှားပူးပေါင်းအား မုချအောင်မြင်ပါစေ၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ၊ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏၊ ရုရှား-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လှိုက်လှဲစွာကြိုဆိုပါ၏"** စသည့်ဆိုင်းဘုတ်များကိုလည်းကောင်း၊ အကြီးအကဲ၏ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်များအတွင်း စွမ်းစွမ်းတမံလှုပ်ရှားဆောင်ရွက်ခဲ့သည့် ရုပ်ပုံများကိုလည်းကောင်း လက်ဝယ်ကိုယ်စီ အမြတ်တနိုးကိုင်ဆောင်ထားကြသည်။

**"အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျန်းမာပါစေ၊ ရုရှား-မြန်မာချစ်ကြည်ရေး၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ၊ ခိုင်မြဲပါစေ ခိုင်မြဲပါစေ"** အစရှိသော ကြွေးကြော်သံများကိုသံပြိုင်ညီညီဟစ်ကြွေး၍ သောင်းသောင်းဖြဖြကြိုဆိုနေကြပုံမှာ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ အကြီးအကဲကလည်း ကားမှန်ကိုချ၍လက်ပြကာ အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက်သည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာအရင်းခံဖြင့် ကြိုးစားအားထုတ်ခဲ့မှုများကို ပြည်သူအပေါင်းက ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြု ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းတို့၏ စေတနာစိတ်ဖြင့်ကြိုဆိုမှုများကို အကြီးအကဲက မေတ္တာစိတ်ဖြင့် ကမ်းလင့်တုံ့ပြန်သည်။ မေတ္တာဆိုသည်မှာ အလျားအနံမရှိသော်ငြား ကူးလူးတုံ့တင် အသွားအပြန်ရှိတတ်သည်ဆိုခြင်းမှာ မှန်လှပါသည်။ အပေးအယူမျှမျှ သဟဇာတကျကျဖြင့် မင်္ဂလာရှိသောမြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း မိမိတို့မြန်မာနိုင်ငံနှင့်ရာသီဥတုကွာခြားချက်အရ အပူချိန် အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်အထိအနေအထားရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သို့ အသွားအပြန် မိုင်ပေါင်း ၁၀၀၀၀ ကျော်ခန့်အထိသွားရောက်၍ နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်စွမ်းဆောင်ပေးခဲ့ကြသည်။ အမိနိုင်ငံတော်အတွက် မသွေသောသစ္စာတရားတို့ဖြင့် ထိုသို့ စွမ်းစွမ်းတမံကြိုးစားအားထုတ်ခဲ့ကြသည်ကို တိုင်းရင်းသားပြည်သူအပေါင်းကလည်း မပြယ်သောမေတ္တာတရားတို့ဖြင့် ဤသို့ ညီညီညွတ်ညွတ်၊ လှိုက်လှိုက်လှဲလှဲ လာရောက်ကြိုဆိုဂုဏ်ပြုနေကြပုံများမှာ နိုင်ငံသားတစ်ယောက်အနေဖြင့် ဝမ်းသာကြည်နူး၍မဆုံးနိုင်အောင် ဖြစ်ရပါသည်။ ။

## ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများအတွက် စာဖြေဌာန လေးခု စီစဉ်ထားရှိ

**ရန်ကုန် မတ် ၉**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်မှ ၂၂ ရက်ထိကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများနစ်နာမှုမရှိစေရန်ရည်ရွယ်၍ ဆေးရုံစာဖြေဌာန လေးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားရှိသည်။

ဆေးရုံတက်ရောက်ကုသနေသော စာမေးပွဲဝင်ရောက်ဖြေဆိုလိုသည့် ကျောင်းသား၊ ကျောင်းသူ(လူနာ)များသည် အဆိုပါဆေးရုံကြီးများရှိ ဆေးလူမှုဆက်ဆံရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

**နေပြည်တော် မတ် ၉**

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ ၁၄၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၉

မြန်မာ -တရုတ်- ထိုင်းသုံးနိုင်ငံကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling)လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သောပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KKPark နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား၂၁၄ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားဦးရေ ၁၄၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာ၌ ယနေ့တွင် တရုတ်နိုင်ငံသား ၂၁၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးရာ အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်၊တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ - မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားဦးရေ ၁၄၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးလိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၉ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၄၈၄၂ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၁၈၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၆၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသောနိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြဝ)



မြန်မာနိုင်ငံအတွင်းသို့တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား၂၁၄ ဦးလွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးရေ ၁၄၀ ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် မတ် ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Mg Aye Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ အောင်မြတ်လင်းအား ည ၈ နာရီ မိနစ် ၄၀ တွင် ပြည်မြို့ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် မတ် ၉

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် မတ်လအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။


(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# SCIENCE AND TECHNOLOGY

## လမျက်နှာပြင်ပေါ်သို့ ဆင်းသက်စဉ် တစ်ခြမ်းစောင်းလဲကျခဲ့ရသည့် အေသီနာလဆင်းယာဉ်၏မစ်ရှင် တရားဝင်ပြီးဆုံးခဲ့ပြီဖြစ်



ဝါရှင်တန် မတ် ၉

လမျက်နှာပြင်ပေါ်သို့ ဆင်းသက်စဉ် တစ်ခြမ်းစောင်းလဲကျခဲ့ရသည့် အေသီနာလဆင်းယာဉ်၏ မစ်ရှင် တရားဝင်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း Intuitive Machines ကုမ္ပဏီက မတ် ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

Intuitive Machines ကုမ္ပဏီ၏ ဒုတိယမြောက် လဆင်းယာဉ်ဖြစ်သည့် အေသီနာလဆင်းယာဉ်သည် မတ် ၆ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ခဲ့သည်။

သို့ရာတွင် အေသီနာလဆင်းယာဉ်သည် လပေါ်သို့ ဆင်းသက်ရမည့်နေရာနှင့် ပေ ၈၀၀ ခန့်အကွာတွင် ဆင်းသက်မိခဲ့ပြီး တစ်ခြမ်းစောင်းလဲပြိုခဲ့ရကြောင်း သိရသည်။

Intuitive Machines ၏ ပထမဆုံး လဆင်းယာဉ်ဖြစ်သော Odysseus လဆင်းယာဉ်သည်လည်း လပေါ်သို့ ဆင်းသက်နိုင်ခဲ့သော်လည်း တစ်ခြမ်းစောင်းပြိုလဲခဲ့ရဖူးသည်။

Intuitive Machines ကုမ္ပဏီသည် အေသီနာလဆင်းယာဉ်ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အေသီနာလဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ စူးစမ်းလေ့လာရေးစနစ်များနှင့် လမျက်နှာပြင် လေ့လာရေးယာဉ်ငယ် တစ်စင်းကိုပါ သယ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO


## နဂါးငွေ့တန်းကြယ်စု၏ အယ်လ်အမ်စီကြယ်စုတိမ်တိုက်ထဲတွင် အရွယ်အစားကြီးမားသည့် မဟာအာကာသတွင်းနက်တစ်ခု တည်ရှိနေနိုင်

ဝါရှင်တန် မတ် ၉

နဂါးငွေ့တန်းကြယ်စု၏ အရန်ကြယ်စုငယ်တစ်ခုဖြစ်သော အယ်လ်အမ်စီ ကြယ်စုတိမ်တိုက်ထဲတွင် အရွယ်အစားကြီးမားသည့် မဟာအာကာသ တွင်းနက်တစ်ခုတည်ရှိနေနိုင်ကြောင်း မတ် ၈ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

အယ်လ်အမ်စီ ကြယ်စုတိမ်တိုက်အတွင်း တည်ရှိနေနိုင်သည့် အဆိုပါမဟာအာကာသတွင်းနက်သည် ကြယ်စုတိမ်တိုက်အတွင်းရှိ ကြယ်များကို တွန်းထုတ်နေကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များက နဂါးငွေ့တန်းကြယ်စု အနားစွန်းသို့ရောက်ရှိလာသော ရွေ့လျားမှု မြန်နှုန်း ပုံမှန်ထက်မြင့်မားသည့် ကြယ်များကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။



အဆိုပါ ကြယ်များသည် အယ်လ်အမ်စီ ကြယ်စုတိမ်တိုက်အတွင်းရှိ အာကာသတွင်းနက်၏ တွန်းထုတ်မှုခံခဲ့ရသော ကြယ်များဖြစ်ကြကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောပြားသည်။

အယ်လ်အမ်စီ ကြယ်စုတိမ်တိုက်ကြီးထဲရှိ အာကာသတွင်းနက်၏အရွယ်အစားမှာ နေဒြပ်ထုထက် အဆပေါင်း ၆၀၀၀၀၀ ထိ ပိုကြီးမားသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အယ်လ်အမ်စီ ကြယ်စုတိမ်တိုက်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၆၀၀၀၀ အကွာတွင် တည်ရှိပြီး နဂါးငွေ့တန်းကြယ်စုနှင့် အနီးဆုံး အရန်ကြယ်စုငယ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကမ္ဘာ့ရှေးအကျဆုံးဥက္ကာချိုင့်ဝှမ်းကို အနောက်သြစတြေးလျပြည်နယ် ပီလ်ဘာရာဒေသ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ

ကင်ဘာရာ မတ် ၉

ကမ္ဘာ့ရှေးအကျဆုံးဥက္ကာချိုင့်ဝှမ်းကို သြစတြေးလျနိုင်ငံ အနောက်သြစတြေးလျပြည်နယ် ပီလ်ဘာရာဒေသ၌ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဥက္ကာချိုင့်ဝှမ်းသည် အချင်း ၆၂ မိုင်ရှိပြီး လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၄၇ ဘီလီယံခန့်က ကျရောက်ခဲ့သည့် ဂြိုဟ်သိမ်တစ်စင်းကြောင့် ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ကာတင်းတက္ကသိုလ်မှ သြစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းဥက္ကာချိုင့်ဝှမ်းကို ဖန်တီးခဲ့သော ဂြိုဟ်သိမ်သည် တစ်နာရီလျှင် ကီလိုမီတာ ၃၆၀၀၀ အမြန်နှုန်းဖြင့် ကမ္ဘာမြေကိုဝင်တိုက်ခဲ့ခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ပီလ်ဘာရာဒေသ ဥက္ကာချိုင့်ဝှမ်းသည် ယခင်ကမ္ဘာ့ရှေးအကျဆုံး ဥက္ကာချိုင့်ဝှမ်းထက် နှစ်ပေါင်း တစ်ဘီလီယံကျော် ပို၍ရှေးကျကြောင်း သိရသည်။

ယခင် ကမ္ဘာ့ရှေးအကျဆုံး ဥက္ကာချိုင့်ဝှမ်းအဖြစ် စံချိန်တင်ထားသော ဥက္ကာချိုင့်ဝှမ်းမှာ ယာရာဘက်ဘာအမည်ရှိ ဥက္ကာချိုင့်ဝှမ်းဖြစ်ပြီး အနောက်သြစတြေးလျပြည်နယ်မှာပင် တည်ရှိကြောင်း သိရသည်။

ပီလ်ဘာရာဒေသမှ ဥက္ကာချိုင့်ဝှမ်းသည် သက်တမ်းရှေးကျလှသည်နှင့်အမျှ ကမ္ဘာပေါ်၌ ရှေးအကျဆုံးသက်ရှိများ ပေါ်ထွက်လာရာတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ဖွယ်ရှိကြောင်း သြစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အရွယ်ကြီးသောဆေးမင်ကြောင်ထိုးနှံမှုများကြောင့် အရေပြားကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်

ကိုပင်ဟေဂင် မတ် ၉

အရွယ်ကြီးသော ဆေးမင်ကြောင် ထိုးနှံမှုကြောင့် အရေပြားကင်ဆာဖြစ်နိုင်ခြေ ၃၃ ရာခိုင်နှုန်းနှင့် ၆၂ ရာခိုင်နှုန်းကြားမြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ မတ် ၈ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ထို့ပြင် ထိုးနှံထားသည့် ဆေးမင်ကြောင်ရုပ် အရွယ်အစားပိုကြီးမားလေလေ၊ အရေပြားကင်ဆာဖြစ်နိုင်ခြေလည်း ပို၍မြင့်မားလာလေလေဖြစ်ကြောင်း ဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

ဒိန်းမတ် သုတေသနပညာရှင်များ၏ အဆိုအရ လက်ဖဝါးအရွယ်ထက်ကြီးမားသော ဆေးမင်ကြောင်ရုပ် ထိုးနှံထားသူများတွင် အရေပြားကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အလားတူ လက်ဖဝါးအရွယ်ထက်ကြီးသည့် ဆေးမင်ကြောင်ရုပ်ထိုးနှံထားသူများ၌ ပြန်ရည်ကျိတ်ကင်ဆာ (Lymphoma) ဖြစ်နိုင်ခြေလည်း ပုံမှန်ထက်သုံးဆ မြင့်တက်နေနိုင်ကြောင်း ဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

ဆေးမင်ကြောင် ထိုးနှံရာတွင် အသုံးပြုသည့်မင်များသည် ပြန်ရည်ကျိတ်များအတွင်းသို့ ဝင်ရောက် စုစည်းနိုင်စွမ်းရှိကြောင်း ဒိန်းမတ် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် ၁၉၆၀ ပြည့်နှစ်နှင့် ၁၉၉၆ ခုနှစ်ကြား မွေးဖွားခဲ့သူ ၂၄၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ထောပတ်ကိုအလွန်အကျွံစားသုံးပါက သေချိန်မတန်ဘဲသေရနိုင်ခြေ မြင့်မားနိုင်

နယူးယောက် မတ် ၉

ထောပတ်ကိုအလွန်အကျွံစားသုံးပါက ရောဂါဘယတစ်မျိုးမျိုးကြောင့် သေချိန်မတန်ဘဲသေရနိုင်ခြေ မြင့်မားလာနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ မတ် ၈ ရက်သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ထောပတ်ကို အလွန်အကျွံစားသုံးသူများသည် အနည်းဆုံးစားသုံးသူများထက် ရောဂါဘယတစ်မျိုးမျိုးကြောင့် သေချိန်မတန်ဘဲ သေဆုံးနိုင်ခြေ ၁၅ ရာခိုင်နှုန်းပို မြင့်မားကြောင်း သိရသည်။

သို့ရာတွင် ထောပတ်အစားအစာ အပင်ထွက်အဆီဓာတ်များကို စားသုံးသူများမှာမူ ပျမ်းမျှဘဝသက်တမ်းပို၍ရှည်လျားနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၂၀၀၀၀၀ ကျော်တို့၏ နှစ်ပေါင်း ၂၀ အတွင်း စားသောက်ခဲ့သောအစားအစာပုံစံများနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ထောပတ်အစား အပင်ထွက်အဆီများကို စားသုံးသူများမှာ ရောဂါဘယတစ်မျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေ ၂၀ ရာခိုင်နှုန်းခန့် ပုံမှန်ထက် ကျဆင်းသွားတတ်သည်ကို တွေ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ယင်းမာပင်ခရိုင်တွင် မိုးသီးနှံဝါ ရာနှုန်းပြည့်သိမ်းဆည်းပြီးစီး တစ်ဧကလျှင် ၄၅၄ ဒသမ ၃၅ ပိဿာထွက်ရှိ



**ယင်းမာပင် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဝါ ရာနှုန်းပြည့် သိမ်းဆည်း ပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၅၈၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသောဝါစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်သိမ်းဆည်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်သိမ်းဆည်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၅၄ ဒသမ ၃၅ ပိဿာထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဝါ ၅၈၁၃ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ဝါခင်းတွေ အခု လက်ရှိအချိန်မှာတော့ ဧကအားလုံးသိမ်းဆည်းပြီးစီးပြီဖြစ်ပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေကို တောင်သူများ စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုး ပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက်ဝါသီးနှံသိမ်းဆည်းမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၁၈၃ ဧက၊ ကနီမြို့နယ်တွင် ၅၅၂ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၃၁၈ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၇၆၀ စုစုပေါင်း ၅၈၁၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဝါကိုအထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကိုနှစ်စဉ်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရန် ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဖျာပုံမြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ဖျာပုံ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ အချက်အလက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘုရားကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်နှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ်မှစတင်ကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် လည်ပတ်ခဲ့ရာ ယခုအခါတွင် စီမံကိန်းရန်ပုံငွေကျပ် ၃၃၅ သိန်းထိ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်သန်းသန်းအေးထံမှ သိရသည်။

နွဲ့ယဉ်

# အမေရိကန်က အစ္စရေးသို့ပံ့ပိုးသည့် စစ်လက်နက်ပစ္စည်းများ၏စွမ်းပကားများ

အမေရိကန်နိုင်ငံသည် အစ္စရေးနိုင်ငံထူထောင်ပြီး ပထမဆယ်စုနှစ် နှစ်ခုတွင် အရှေ့အလယ်ပိုင်းဒေသတွင်းနိုင်ငံများကြား ဆက်ဆံရေးကင်းကွာမှုနှင့် လက်နက်ပြိုင်ပွဲလှုံ့ဆော်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်သောကြောင့် အစ္စရေးနိုင်ငံအပေါ် လက်နက်ရောင်းချမှုကို ကန့်သတ်ခဲ့သည်။ ထိုစဉ်က အစ္စရေးနိုင်ငံသည် လက်နက်ကြီးများအတွက် ပြင်သစ်နိုင်ငံအပေါ်မှီခိုခဲ့ရသည်။ သို့သော်လည်း တင့်ကားများအပါအဝင် အမေရိကန်တင့်ကားများကိုလည်း အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနိုင်ငံသည် အမေရိကန်နိုင်ငံ၏ အခိုင်အမာမဟာမိတ်ဖြစ်လာသကဲ့သို့ အမေရိကန်နိုင်ငံ၏ ဒေသတွင်းလှုပ်ရှားမှုများစွာကို ပြန်လည်အထောက်အကူပြုလျက်ရှိသည်။ လက်ရှိတွင် မဟာဗျူဟာမြောက်လက်နက်များကို ပံ့ပိုးလျက်ရှိသည်။

**အစ္စရေးသို့ အမေရိကန်တို့လက်နက်ပံ့ပိုးမှုသမိုင်း**

အမေရိကန်နိုင်ငံသည် ၁၉၆၇ခုနှစ်က ဆိုဗီယက်တို့ပံ့ပိုးထားသည့် လက်နက်များအသုံးပြုသော အာရပ်နိုင်ငံများကို အစ္စရေးတို့အနိုင်ယူခဲ့သည့် ခြောက်ရက်ကြာစစ်ပွဲထိ လက်နက်ပံ့ပိုးမှုသိသာထင်ရှားစွာလုပ်ဆောင်ခဲ့ခြင်းမရှိဘဲ ၎င်းနောက်ပိုင်းမှသာလက်နက် ပံ့ပိုးမှုကို ပြန်လည်စဉ်းစားလာခဲ့သည်။ အမေရိကန်က အစ္စရေးနိုင်ငံ သို့ F-4 Phantom တိုက်လေယာဉ်ရောင်းချမှုကို ၁၉၆၈ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၇၃ ခုနှစ် ယွန်ကပူးစစ်ပွဲမှစ၍ လက်နက်ပံ့ပိုးမှုကို လေးဆတိုးမြှင့်ကာ M60 ပါဝင်သည့် တန်ချိန်သောင်းနှင့်ချီသည့် လက်နက်များကို အစ္စရေးနိုင်ငံသို့ ပံ့ပိုးခဲ့သည်။ ထို့ပြင် အမေရိကန်အဖွဲ့အစည်းများသည် အစ္စရေးနိုင်ငံ ပြည်တွင်းလုပ်လက်နက်များဖွံ့ဖြိုးရေးအတွက် ၁၉၇၀ ပြည့်နှစ်များတွင် စတင်ပံ့ပိုးလာခဲ့သည်ကို တွေ့ရှိရသည်။

အစ္စရေးနိုင်ငံအနေဖြင့် လက်နက်တင်သွင်းရာတွင် တိုက်လေယာဉ်နှင့် ဒုံးကျည်ကာကွယ်ရေးနည်းပညာတွင် အမေရိကန်နိုင်ငံကို အဓိကအားထားဆဲဖြစ်သည်။ အမေရိကန်နိုင်ငံက အစ္စရေးနိုင်ငံသို့ပံ့ပိုးပေးသည့် လက်နက်များသည် အစ္စရေးနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများကြား ရပ်တည်ရာတွင် စစ်ရေးဆိုင်ရာအားသာချက်ရရှိမှုကို အထောက်အကူဖြစ်စေပြီး အစ္စရေး-အမေရိကန် ဆက်ဆံရေး၏ နက်ရှိုင်းမှုကိုလည်း ထင်ဟပ်စေသည်။ ထို့ပြင် အစ္စရေးနိုင်ငံသည် အမေရိကန်နိုင်ငံက ဦးဆောင်တည်ဆောက်သည့် F-35 တိုက်လေယာဉ်စီမံကိန်းတွင်လည်းပါဝင်ခဲ့ပြီး အမေရိကန်ပြင်ပတွင် ၎င်းတိုက်လေယာဉ်များပထမဆုံးအသုံးပြုသည့် နိုင်ငံဖြစ်လာခဲ့သည်။ အမေရိကန်နိုင်ငံက အစ္စရေးနိုင်ငံသို့ ပံ့ပိုးမည့် လက်နက်တင်ပို့ရောင်းချရေး နားလည်မှုစာချွန်လွှာအရ ၂၀၁၉ ခုနှစ်မှ ၂၀၂၈ ခုနှစ်ထိ ၁၀ နှစ် ကြာကာလအတွင်း တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံရှိကြောင်း တွေ့ရှိရသည်။

မကြာသေးမီနှစ်များအတွင်း အစ္စရေးက အမေရိကန်နိုင်ငံထံမှ ဝယ်ယူထားသည့် လက်နက်များတွင် F-15 တိုက်လေယာဉ် ၅၉ စင်း၊ F-16 တိုက်လေယာဉ် ၂၁၉ စင်း၊ C-130J-30 ငါးစင်း၊ C-130 ၁၄ စင်း၊ Boeign 707 ရှစ်စင်း၊ AH-64 Apache တိုက်ခိုက်ရေးရဟတ်ယာဉ် ၆၄ စင်း ပါဝင်သည်။ အခြားလက်နက်များတွင် ပက်ထရီးရော့တ်လေကြောင်းရန် ကာကွယ်ရေးစနစ် လေးခု၊ Iron Dome စနစ် ၁၀ ခု၊ David Sling စနစ်များ၊ ၁၅၅ မီလီမီတာယာဉ်တင်ဟောင်ဝစ်ဇာအမြောက် ၃၅၀ လက်၊ ပင်မတိုက်ပွဲဝင်တင့်ကား ၁၀၃၀ စီး၊ သံချပ်ကာလူသယ်ယာဉ် ၃၈၅ စီးပါဝင်သည်။

**သမ္မတဂျိုးဘိုင်ဒင်လက်ထက်အဆိုပြုခဲ့မှုများ**

အစ္စရေးနိုင်ငံသို့ ဒေါ်လာ၈ဘီလီယံ (ပေါင် ၆ဒသမ ၄ဘီလီယံ) လက်နက်များရောင်းချရန် စီစဉ်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကွန်ဂရက်သို့ အကြောင်းကြားခဲ့သည်ဟု အမေရိကန်အရာရှိတစ်ဦးက ၂၀၂၅ ခုနှစ် ဇန်နဝါရီလအစောပိုင်းတွင် အတည်ပြုပြောကြားခဲ့သည်။ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ကော်မတီများ၏ ခွင့်ပြုချက်လိုအပ်သည့်လက်နက်များ တင်ပို့ရာတွင် ဒုံးကျည်များ၊ ကျည်များနှင့် အခြားခဲယမ်းများပါဝင်သည်။ သမ္မတဂျိုးဘိုင်ဒင်ရာထူးမှ မထွက်ခွာမီ နှစ်ပတ်ကျော်သာရှိသေးသော အဆိုပါလှုပ်ရှားမှုထွက်ပေါ်လာခြင်းဖြစ်သည်။ ဂါဇာစစ်ပွဲအတွင်း အရပ်သားအများအပြားသေဆုံးမှုကြောင့် အစ္စရေးနိုင်ငံကို စစ်ရေးအရ ပံ့ပိုးမှုရပ်ဆိုင်းရန် အမေရိကန်အစိုးရက ငြင်းဆိုထားသည်။ ၂၀၂၄ခုနှစ် ဩဂုတ်လကလည်း အမေရိကန်နိုင်ငံသည် အစ္စရေးနိုင်ငံသို့ တိုက်လေယာဉ်များနှင့် အခြားစစ်လက်နက်ပစ္စည်းများကို ဒေါ်လာဘီလီယံ ၂၀ ဖြင့် ရောင်းချရန် အတည်ပြုခဲ့သည်။ နောက်ဆုံးစီစဉ်ထားသည့် တင်ပို့မှုတွင် ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ၊ Hellfire ဒုံးကျည်များ၊ အမြောက်ကျည်များနှင့် ဗုံးများပါဝင်သည်ဟု အမေရိကန်အရာရှိက ပြောကြားခဲ့သည်။

**သမ္မတထရန့်လက်ထက်ရောင်းချရန်အဆိုပြုမှု**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် အမေရိကန်သတင်းစာ The Wall Street Journal မှ ထုတ်ဝေသောသတင်းများအရ ထရန့်အစိုးရက အစ္စရေးကို ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိ လက်နက်အသစ်များရောင်းချရန် အဆိုပြုချက်ကို အမေရိကန်ကွန်ဂရက်လွှတ်တော်အား အလွတ်သဘောအသိပေးအကြောင်းကြားခဲ့သည်။ ရောင်းချရာတွင် ခဲယမ်းနှင့် အကြီးစားစက်ကိရိယာမျိုးစုံပါဝင်သည်။ အထူးသဖြင့် BLU-110 တိကျပဲ့ထိန်းဗုံး၄၅၀၀၊ Mk 83 ပေါင်၁၀၀၀ဗုံး ၂၀၀ နှင့် Caterpillar D9 ဘူဒိုဇာများဖြစ်ပြီး ခဲယမ်းတန်ဖိုးဒေါ်လာသန်း ၇၀၀ နှင့်မြေတူးစက်များအတွက် ဒေါ်လာသန်း၃၀၀ဖြစ်သည်။

**နောက်ဆုံးရောင်းချသည့်စစ်လက်နက်ပစ္စည်းများ၏စွမ်းပကား BLU-110 ဗုံး**

BLU-110 ဗုံးသည် ၂၂၅ ကီလိုဂရမ် (ပေါင် ၅၀၀) ရှိပြီး ခိုင်မာသောပစ်မှတ်များကို ထိုးဖောက်ရန် ဒီဇိုင်းထုတ်ထားသည့် တိကျပဲ့ထိန်းခဲယမ်းဖြစ်ပြီး ဘန်ကာများ၊ ကွပ်ကဲမှုစင်တာများနှင့် အခြားခိုင်ခံ့သော စစ်ဘက်ဆိုင်ရာ ပိုင်ဆိုင်မှုများကဲ့သို့သော အဆောက်အအုံများကို လွန်စွာထိရောက်စွာ တိုက်ခိုက်နိုင်စွမ်းရှိသည်။ BLU-110 သည် တိကျစွာတိုက်ခိုက်မှုစွမ်းရည်အတွက် တီထွင်ထုတ်လုပ်ထားသောပိုမိုကျယ်ပြန့်သည့် ဗုံးအမျိုးအစား၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းကို လေယာဉ်အမျိုးမျိုးမှ ပစ်လွှတ်နိုင်ပြီး ၎င်း၏ ပစ်မှတ်သို့ သိသိသာသာတိကျစွာ လမ်းညွှန်နိုင်သည်။ ဤဗုံးသည် GPS နှင့် အရွေ့လမ်းညွှန်စနစ်များကို အသုံးပြုထားပြီး ဖိဖျက်မှု သို့မဟုတ် တန်ပြန်ဆောင်ရွက်မှုများဖြင့် ပြိုင်ဆိုင်နေသည့်ပတ်ဝန်းကျင်တွင်ပင် ၎င်း၏ ရည်ရွယ်ထားသောပစ်မှတ်ကို အနည်းငယ်မျှ သွေဖည်မှုဖြင့် တိုက်ခိုက်နိုင်ဆဲဖြစ်မှုကိုသေချာစေသည်။ ပတ်ဝန်းကျင်ရှိ ပစ္စည်းအများအပြားထိခိုက်ပျက်စီးမှုမဖြစ်စေဘဲ တိကျသောတန်ဖိုးမြင့်ပစ်မှတ်များကို ပစ်မှတ်ထားနိုင်မှုသည် အထူးသဖြင့် အရပ်သားထိခိုက်သေဆုံးမှုနည်းပါးစေရန် ဦးစားပေးသည့် ခေတ်သစ်စစ်ဘက်စစ်ဆင်ရေးများတွင် အထူးအရေးကြီးလျက်ရှိသည်။



BLU-110 ဗုံးများကို တွေ့ရစဉ်။

**Mk 83 ဗုံး**

Mk 83 ဗုံးသည် ပိုမိုကြီးမားပြီး အလေးချိန် ၄၅၀ ကီလိုဂရမ် (ပေါင် ၁၀၀၀) ရှိသော အထွေထွေသုံးဗုံးဖြစ်ပြီး အမေရိကန်နှင့် အစ္စရေးလေတပ်မှ ပိုမိုကျယ်ပြန့်သောနည်းဗျူဟာမြောက် မစ်ရှင်များအတွက် အသုံးပြုလျက်ရှိသည်။ BLU-110 ထက် အထူးပြုမှုနည်းပါးသော်လည်း Mk 83 သည် စစ်လေယာဉ်ကွင်းများ၊ ပံ့ပိုးရေးဌာနများနှင့် ယာဉ်တန်းများကဲ့သို့သော ကြီးမားသော သို့မဟုတ် ခိုင်ခံ့မှုနည်းသော ပစ်မှတ်များကို တိုက်ခိုက်နိုင်သည့် ဘက်စုံသုံး လက်နက်တစ်ခုအဖြစ် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ ၎င်းသည် အတိအကျလမ်းညွှန်ထားသည့်ဖျူးများ တပ်ဆင်ထားနိုင်သောဝေဟင်မှ အလွတ်ကြဲချနိုင်သည့် ဗုံးဖြစ်ပြီး ဝေဟင်အမြင့်ပိုင်း၊ သို့မဟုတ် အပေါ်ပိုင်းမှ ရပ်တန့်ကြဲချသည့်အချိန်တွင် ပို၍တိကျစေသည်။ ဤဗုံး၏ ပိုကြီးသောအရွယ်အစားနှင့်ဝန်အားသည် ကြီးမားသောဧရိယာများကို ရှင်းလင်းရန် သို့မဟုတ် ပိုမိုများပြားသောရန်သူ၏ အခြေခံအဆောက်အအုံများကို ဖျက်ဆီးရန် ထိရောက်စေသည်။

BLU-110 နှင့် Mk 83 ဗုံးနှစ်ခုစလုံးသည် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုစွမ်းရည်များတွင် ပါဝင်ပြီး ပစ်မှတ်များစွာကို တိကျပြတ်သားစွာ စစ်ဆင်ရေးတိုက်ခိုက်နိုင်စွမ်းကို မြှင့်တင်ပေးသည်။ BLU-110s များသည် ၎င်းတို့၏ သေးငယ်သောအရွယ်အစားနှင့်အဆင့်မြင့်လမ်းညွှန်စနစ်များဖြင့် မြို့ပြပတ်ဝန်းကျင်တွင် သို့မဟုတ် ခိုင်မာသောစစ်ဘက်ပစ်မှတ်များကိုတိုက်ခိုက်ရန်အတွက် အထူးအသုံးဝင်သည်။ ဆန့်ကျင်ဘက်အားဖြင့် Mk 83 များသည် ၎င်းတို့၏ ကြီးမားသောအလေးချိန်ဖြင့် စစ်ဘက်ဆိုင်ရာအဆောက်အအုံများ၊ လေယာဉ်သိုလှောင်ရုံများ သို့မဟုတ် ပံ့ပိုးရေးလိုင်းများဖြိုချခြင်းကဲ့သို့သော ကြီးမားသောတိုက်ခိုက်မှုများအတွက် ပိုမိုကောင်းမွန်သည်။ ဤဗုံးနှစ်မျိုးလုံးသည် အစ္စရေးလေတပ်၏ စစ်ဆင်ရေးဆိုင်ရာလိုက်လျောညီထွေရှိမှုကို ကြီးမားစွာ ချဲ့ထွင်လိမ့်မည်ဖြစ်ပြီး ၎င်းသည် စစ်သွေးကြွခေါင်းဆောင်များကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုမှသည် ရန်သူ့အခြေခံအဆောက်အအုံများကို အကြီးစားစီးနင်းတိုက်ခိုက်ခြင်းထိ တိုက်ခိုက်ရေးအခြေအနေအမျိုးမျိုးအတွက် ထိရောက်စွာ တုံ့ပြန်နိုင်စေမည်ဖြစ်သည်။

Caterpillar D9 ဘူဒိုဇာမြေတူးစက်။ ရောင်းချရာတွင်ပါဝင်သော Caterpillar D9 ဘူဒိုဇာမြေတူးစက်များသည် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့မှ စစ်ဘက်အသုံးပြုရန်အတွက် အင်ဂျင်နီယာလုပ်ငန်းအမျိုးမျိုးအတွက် လိုက်လျောညီထွေဖြစ်စေသောအကြီးစားယာဉ်များဖြစ်သည်။ ဤဘူဒိုဇာများကို တိုက်ခိုက်ရေးဇုန်များတွင် အတားအဆီးများအား ရှင်းလင်းရန်၊ ရန်သူခံတပ်များကိုဖြိုချရန်နှင့် ခံစစ်နေရာများတည်ဆောက်ရန်အတွက်ပင် အသုံးပြုသည်။ အထူးသဖြင့် D9 သည် မြို့ပြစစ်ပွဲများတွင် သို့မဟုတ် ဂါဇာရှိ စစ်သွေးကြွအုပ်စုများအသုံးပြုသောဥမင်လိုဏ်ခေါင်းများကဲ့သို့သောအရေးကြီးသော ခံစစ်တည်ဆောက်မှုများ ရှိသည့်နေရာများတွင် အစ္စရေးအတွက် အထင်ကရစစ်လက်နက်ပစ္စည်းတစ်ခုဖြစ်လာခဲ့သည်။ ဤစက်ယန္တရားများသည် လက်နက်ငယ်များပစ်ခတ်မှုနှင့် ပေါက်ကွဲစေတတ်သောပေါက်ကွဲမှုများကို ခံနိုင်ရည်ရှိစေရန် သံချပ်ကာများဖြင့်တပ်ဆင်ထားပြီး ၎င်းတို့ကို တိုက်ရိုက်ပစ်ခတ်ခံရမှုဖြင့် အလွယ်တကူပျက်စီးစေခြင်းမရှိဘဲ လုပ်ဆောင်နိုင်စေ သည်။ အစ္စရေးတပ်ဖွဲ့များသည် မြို့ပြနှင့် ကျေးလက်ဒေသများနှစ်ခုစလုံးတွင် ရန်သူ၏ နေရာများကို လွတ်လပ်စွာရှောင်လွှဲနိုင်စေရန်၊ လမ်းကြောင်းများကို ရှင်းလင်းရန်နှင့် ပျက်ပြယ်စေရန်အတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။

အချုပ်ဆိုရလျှင် အမေရိကန်သည် အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနိုင်ငံနှင့် အပြန်အလှန်အကျိုးတူမဟာမိတ်အဖြစ် သတ်မှတ်ပြီး ပံ့ပိုးကူညီမှုများပြုလုပ်လျက်ရှိသည်။ အမေရိကန်အနေဖြင့် အစ္စရေးသို့ ကာကွယ်ရေးပံ့ပိုးမှုအဖြစ် နှစ်စဉ်ဒေါ်လာ ၃ ဘီလီယံတန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများကို ပံ့ပိုးပေးလျက်ရှိသည်။ ဒုတိယအကြိမ်ပြန်လည်အာဏာရလာသည့် သမ္မတထရန့်သည် အစ္စရေးကို အခိုင်အမာထောက်ခံသူအဖြစ် ရပ်တည်ထားသော်လည်း ဂါဇာတွင် ၎င်း၏ စစ်ဆင်ရေးကို အမြန်အဆုံးသတ်ရန် မဟာမိတ်အစ္စရေးကိုတိုက်တွန်းခဲ့သည်။ တစ်ဖက်၌လည်း ဟားမတ်စ်တို့အနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတိုင်း ဓားစားခံများအမြန်ဆုံးပြန်လည်လွှတ်ပေးခြင်းမရှိပါက ပိုမိုဆိုးဝါးသည့်ဖြစ်စဉ်များနှင့် ရင်ဆိုင်ရမည်ဟု ခြိမ်းခြောက် ထားကြောင်းတွေ့ရှိရသည်။ ယခု ပံ့ပိုးသည့် စစ်လက်နက်ပစ္စည်းများသည် စွမ်းရည်မြင့်မားပြီး လက်ရှိရရှိထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပျက်ပြယ်ပါက ဂါဇာစစ်ပွဲတွင် ပြန်လည်မြင်တွေ့လာရမည် ဖြစ်သကဲ့သို့ အမေရိကန်အနေဖြင့် အစ္စရေးသို့ စစ်ရေးပံ့ပိုးမှုများ ဆက်လက်ပြုလုပ်နေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- US Trump Administration Proposes $1 billion arms sale to Israel including bombs and bulldozers, Defense News, February. 2025
- Israel receives shipment of US heavy bombs after delivery ban lifted, Xinhuanet, February.16(Sun)2025
- Armed Sales in the Middle East, Trends and Analytical Perspective for the US Policy, October 2017.

မောင်ဝေလွှမ်း(သုတေသီ)

# ဆာရာဝပ်ပြည်နယ်နှင့် ဆာဘားပြည်နယ်တို့တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရ



**ကွာလာလမ်ပူ မတ် ၉**

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်နှင့် ဆာဘားပြည်နယ်တို့တွင် မတ် ၇ ရက်မှစတင်၍ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီးနောက် မတ် ၈ ရက်တွင် ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း မီးသတ်နှင့်ကယ်ဆယ်ရေးဦးစီးဌာနမှ အော်ပရေးရှင်းစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ကြောင့် ဆာရာဝပ်ပြည်နယ်တွင် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၃၅ ဦးရှိနေပြီး ဒီဝမ်ထရူဆန်ဒေသတွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ နေရာချပေးထားကြောင်း မီးသတ်နှင့် ကယ်ဆယ်ရေးဦးစီးဌာနမှ အော်ပရေးရှင်းစင်တာက ထုတ်ပြန်သွားခဲ့သည်။

ဆာရာဝပ်ပြည်နယ်မှ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံ ၃၅ ဦးတွင် ၁၀ ဦးမှာ ကမ်ပန်ရာနာဒေသမှဖြစ်ပြီး ကမ်ပန်လူဘက်ခ်အဘိုင် ဒေသမှ ခြောက်ဦး၊ ကမ်ပန်စီဘီရန်ကီဒိုင်ထရူဆန်ဒေသမှ ၁၄ ဦးနှင့် ကမ်ပန်မူရဒ်ဆူအန်ထရူဆန် ဒေသမှ ငါးဦးဖြစ်ကြောင်း၊ ဆာဘားပြည်နယ်တွင် ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၀၁၀ ထိရှိခဲ့ပြီး ကျေးရွာ ၁၀ ရွာမှဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရခြင်းဖြစ်ကြောင်းလည်း မီးသတ်နှင့်ကယ်ဆယ်ရေး ဦးစီးဌာနမှ အော်ပရေးရှင်းစင်တာက ထုတ်ပြန်ခဲ့သည်။

ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသများမှ ၇၈၀ ဦးကို ဒီဝမ်ထရူဆန်ဒေသတွင် ဖွင့်လှစ်ပေးထားသောကယ်ဆယ်ရေးစခန်းတွင် နေရာချပေးထားပြီး ကျန်သောဒေသခံများကို ဒီဝမ်ဘန်ဘာနီဒေသတွင်ဖွင့်လှစ်ပေးထားသည့် ကယ်ဆယ်ရေးစခန်းတွင် နေရာချပေးထားကြောင်း မီးသတ်နှင့် ကယ်ဆယ်ရေး ဦးစီးဌာနမှ အော်ပရေးရှင်းစင်တာက ထုတ်ပြန်သွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# နီပေါနိုင်ငံအရှေ့ဘက်ပိုင်းနယ်မြေတွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိသည့် ငလျင် လှုပ်ခတ်မှုဖြစ်ပွား

**ခတ္တမန္ဒူ မတ် ၉**

နီပေါနိုင်ငံ အရှေ့ဘက်ပိုင်းတွင် မတ် ၈ ရက်က ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး ငလျင်လှိုင်းသည် နီပေါနိုင်ငံအရှေ့ဘက်ပိုင်းဒေသများသို့ ရိုက်ခတ်မှုဖြစ်ပေါ်ခဲ့ကြောင်း နီပေါနိုင်ငံ National Seismological Centre က ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြထားသည်။

ငလျင်သည် တရုတ်နိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် တိဘက်ကုန်းပြင်မြင့်ဒေသရှိ ဒင်ကျီနယ်မြေတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး နီပေါနိုင်ငံအရှေ့ဘက်ပိုင်းရှိ ကိုရှီဒေသကို ငလျင်လှိုင်းများ အားကောင်းစွာဖြင့်ရိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ကြောင့် ကြီးကြီးမားမားပျက်စီးမှုမရှိခဲ့ကြောင်း၊ သို့သော် ငလျင်လှိုင်းကြောင့် ကတ်သ်မန်ဒူချိုင့်ဝှမ်းတွင် အသေးစားပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးမှုများရှိခဲ့သည့် ဧရိယာများသို့ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"မတ် ၈ ရက်က တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှာ ဗဟိုပြုပြီးတော့ ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ ငလျင်အားကောင်းခဲ့ပြီးတော့ ငလျင်လှိုင်းဟာ ကိုရှီဒေသအပါအဝင် နီပေါနိုင်ငံ အရှေ့ဘက်ပိုင်းဒေသတွေကို ရောက်ရှိခဲ့ပါတယ်။ ငလျင်ကြောင့် ဆူနာမီလှိုင်းတော့ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး"ဟု နီပေါနိုင်ငံ ကတ်သ်မန်ဒူမြို့တွင်အခြေစိုက်သည့် နီပေါနိုင်ငံ National Seismological Centre မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# သြစတြေးလျကမ်းလွန်ပင်လယ်ပြင်တွင် ဆိုင်ကလုန်းမုန်တိုင်းအယ်ဖရက် အားပျော့သွားသော်လည်း ရေကြီးရေလျှံမှုများဆက်လက်ဖြစ်ပေါ်နေ

**ကင်ဘာရာ မတ် ၉**

သြစတြေးလျ ကမ်းလွန်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းအယ်ဖရက်သည် မတ် ၈ ရက် နံနက်အစောပိုင်းမှစ၍ အားပျော့သွားသော်လည်း ကုန်းတွင်းပိုင်းသို့ ဆက်လက်ဝင်ရောက်လျက်ရှိကာ လေပြင်းတိုက်ခတ်မှုများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း သြစတြေးလျ မိုးလေဝသဗျူရိုမှ ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သြစတြေးလျ ကမ်းလွန်ပင်လယ်ပြင်တွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက စတင်ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းအယ်ဖရက် တိုက်ခတ်မှုကြောင့် ကမ်းရိုးတန်းဒေသများတွင် သစ်ပင်များလဲပြိုခြင်းကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ်ခြေ ၃၃၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းအများအပြား အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းအယ်ဖရက်သည် မတ် ၈ ရက် နံနက်ပိုင်းမှစ၍ အားပျော့သွားသော်လည်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်းတာဝန်ရှိသူများက သတိပေးထားသည်။



"ဆိုင်ကလုန်းမုန်တိုင်းအယ်ဖရက်က အားပျော့ပြီး ကုန်းတွင်းပိုင်းကို ရွေ့လျားဝင်ရောက်နေပေမဲ့ လေပြင်းတိုက်ခတ်မှုနဲ့ မိုးသည်းထန်စွာ ရွာသွန်းမှုက ရေကြီးရေလျှံမှုတွေကို အဓိကဖြစ်ပေါ်စေလျက် ရှိပါတယ်"ဟု မိုးလေဝသဌာနမှ ပြောရေး ဆိုခွင့်ရှိသူ မက်ကော်လိုပီက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : AZH

# အီရန်နိုင်ငံ မြို့တော်တီဟီရန်တွင် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ရေအခက်အခဲဖြင့် ရင်ဆိုင်ကြုံတွေ့နေရ

**တီဟီရန် မတ် ၉**

အီရန်နိုင်ငံတွင် ဆယ်စုနှစ်ခြောက်စုနီးပါးအတွင်း အနိမ့်ဆုံး မိုးရွာသွန်းမှုကြောင့် ရေလှောင်ကန်များအတွင်း ရေဝင်ရောက်မှုနည်းပါးခဲ့ကာ မြို့တော်တီဟီရန်တွင် ရေအခက်အခဲဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း တီဟီရန်မြို့ရေနှင့်ရေဆိုးထုတ်ကုမ္ပဏီအကြီးအကဲဖြစ်သူ မိုဆန်အာဒါကာနီက ပြောကြားခဲ့ကြောင်း မတ် ၈ ရက် သတင်းများတွင်ဖော်ပြထားသည်။

အီရန်နိုင်ငံတွင် ယခုနှစ်အတွင်း မိုးရွာသွန်းမှုပမာဏသည် အနိမ့်ဆုံးအခြေအနေသို့ရောက်ရှိနေပြီး တီဟီရန်မြို့အားရေပေးဝေလျက်ရှိသော ရေလှောင်ကန်လေးခုမှာလည်း ရေပမာဏ ခြောက်ရာခိုင်နှုန်းသာရှိရာ အီရန်နိုင်ငံသားများအတွက် နှစ်သစ်ကူးနေ့ဖြစ်သည့် မတ် ၂၀ ရက်မတိုင်မီ ၎င်းတို့၏ ရိုးရာအိမ်တွင်း သန့်ရှင်းရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြရာ ရေသုံးစွဲမှုမြင့်တက်လာခဲ့ပြီး ရေကို ချွေတာသုံးစွဲကြရန် မိုဆန်အာဒါကာနီက ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့တော် တီဟီရန်တွင် သာမက တစ်နိုင်ငံလုံးဒေသအနှံ့အပြားတွင် ရေပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံတစ်ဝန်း မိုးရေချိန်သည် ၄၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ဆည်များအတွင်း ရေဝင်ရောက်မှုမှာလည်း ၂၉ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း၊ အီရန်နိုင်ငံကို ကုလသမဂ္ဂက ရေနှင့်ပတ်သက်သည့် ပြင်းထန်သောဖိအားများကြုံတွေ့နေရသောနိုင်ငံအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ရေပေးဝေမှုများနှင့်ပတ်သက်၍ နိုင်ငံအတွင်း ဆန္ဒပြမှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး အစ်ဖဟန်ပြည်နယ်ကဲ့သို့ မိုးနည်းသောဒေသများတွင် လယ်သမားများက အစိုးရအပေါ် အပြစ်တင်မှုအခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အီရန်နိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံနှင့်လည်း နှစ်နိုင်ငံအတွင်းဖြတ်၍ စီးဆင်းနေသောမြစ်များပေါ်တွင် အာဖဂန်နစ္စတန်နိုင်ငံက ရေကာတာတည်ဆောက်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# ဗြိတိသျှကိုလံဘီယာပြည်နယ် တောမီးဒဏ်သင့်ဧရိယာများအတွက် ဖက်ဒရယ်အစိုးရက ကန်ဒေါ်လာ ၃၅ သန်း ခွင့်ပြုသွားမည်

**အော့တဝါ မတ် ၉**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးဒဏ်သင့်ဧရိယာများ ပြန်လည်ထူထောင်ရေးအတွက် ဖက်ဒရယ်အစိုးရက အမေရိကန်ဒေါ်လာ ၃၅ သန်း ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖက်ဒရယ်အရေးပေါ်ပြင်ဆင်ရေးဝန်ကြီးဟာဂျစ်ဆာဂျန်က ထုတ်ဖော်ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု ၁၆၀၀ ကျော်ခန့်ထိဖြစ်ပွားခဲ့ပြီး သစ်တောမြေဟက်တာ တစ်သန်းကျော်ထိပျက်စီးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံ ဦးရေ ၇၀၀၀ ကျော်ထိရှိခဲ့ကြောင်း၊လူနေအိမ်ခြေတချို့နှင့်အခြေခံအဆောက်အအုံတချို့ပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံတချို့ကိုပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

"ဖက်ဒရယ်အစိုးရက ၂၀၂၄ ခုနှစ်အတွင်း တောမီးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ပြည်သူတွေကိုကူညီပေးဖို့အတွက် ငွေကြေးပံ့ပိုးမှုအနေနဲ့ အမေရိကန်ဒေါ်လာ ၃၅ သန်း ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုရဲ့နောက်ဆက်တွဲပြဿနာတွေကို ရင်ဆိုင်နေရတာဖြစ်လို့ ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးကိုလဲ ဖက်ဒရယ်အစိုးရနဲ့ ဗြိတိသျှကိုလံဘီယာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်သွားဖို့လဲ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ဖက်ဒရယ်အရေးပေါ်ပြင်ဆင်ရေးဝန်ကြီးဟာဂျစ်ဆာဂျန်က ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** — ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** — ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** — တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲဝံ့စွန့်စား ပြည်ချစ်သား** — စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** — ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** — ပထမဆု
ထားရ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** — ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** — တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** — စတုတ္ထဆု
ကေသီ

၅။ **ရွှေ့သို့ချီမည် ပန်းတိုင်ဆီ** — ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** — ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** — ဒုတိယဆု
မနေဒသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** — တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** — စတုတ္ထဆု
ခိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** — ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** — အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရွှေ့သို့ချီသော်၊ သွေးသစ်မော်ကွန်းတည်စေသတည်း** — အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ပည်းမော်ကွန်း တည်စေညွှန်း** — အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** — ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** — ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** — တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** — စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွှန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** — ပဉ္စမဆု
မနောဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** — အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** — အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ပည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** — အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** — ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** — ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** — တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** — စတုတ္ထဆု
မနောဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** — ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** — အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** — အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** — အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** — ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဓာတ်သွေးစက် အိုးစားဖက်ကိုရှာကြသည်** — ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** — တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** — စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲဝံ့ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** — ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** — အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** — အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွှေးပျံ့နေသည်** — အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** — ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** — ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** — တတိယဆု
လူမောင်(ဝိရောဓိ)

၄။ **အဋ္ဌဝါထက်က ပန်းပျိုးလက်** — စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** — ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** — အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နုပျိုနေသည့် ဥဒါန်းစကား** — အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** — အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** — ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** — ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** — တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** — စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** — ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** — အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** — အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** — အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**










## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့်အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံအတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ်ထွက်ပေါက်ကိုအသုံးပြုပါ။)



## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (ဆ-၄) ရပ်ကွက်နေ ဦးတင်မောင်ဝင်း + ဒေါ်ကြည်ညွန့်တို့၏သမီး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရတ(နိုင်)၁၂၉၄၁၈)ကိုင်ဆောင်သူ မသူရိန်ဝင်း (ခ) မသဲဆုမွန်ဝင်း (ခ) မသက်ဦးမွန်မှာ တစ်ဦးတည်းဖြစ်ပါသည်။

မသူရိန်ဝင်း (ခ) မသဲဆုမွန်ဝင်း (ခ) မသက်ဦးမွန်

## ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင် (၅)သိန်း (၅)ဦး
- အလုပ်သင် (၅)ဦး

**Long Style** (09-2053849)

(၆၆-၆၇၊ ၃၈)လမ်းထောင့်၊ မန္တလေးမြို့

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ Future Way ကိုယ်ပိုင်ကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မယုစန္ဒီအောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနေတိုးဖြစ်ပါကြောင်း။

ဦးနေတိုး(၅/တဆန(နိုင်)၀၉၃၆၉၀)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်၊ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများကို တွေ့ဆုံအမှာစကားပြောကြား



နေပြည်တော် မတ် ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် Grand Autograph ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်တို့ ကောင်စစ်ဝန်ချုပ်ရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

